www.burmeseclassic.com

# မြတ်ဗုဒ္ဓသာသနာ ပုံတော်သမိုင်း


စတုတ္ထတွဲ



ဆရာဝန်တင်ရွှေ

www.burmeseclassic.com

www.burmeseclassic.com




တရုတ်ပြည် မင်းဘုရင်များလက်ထက် ၁၄၀၃ ခုနှစ်၌ ထုလုပ်သော စကြာမုနိ ကြေးဆင်းတုတော်

www.burmeseclassic.com

www.burmeseclassic.com



ပီးကင်းမြို့ ရှေးမင်းများ၏ နွေရာသီ စံနန်းတော်အတွင်း၌ မြန်မာနိုင်ငံမှ
ကျောက်စိမ်းရုပ်ပွားတော် ရှိပါသည် - (၂ ပုံ) နှင့် တရုတ်မဟာတံတိုင်းကြီး





www.burmeseclassic.com

www.burmeseclassic.com



တရုတ်နိုင်ငံမှ ရတနာ ခုနစ်ပါးနှင့် စီခြယ်ပြီး ရွှေကလပ်ပေါ်တင်ထားသော ဗုဒ္ဓ၏စွယ်တော်မြတ်

တရုတ်နိုင်ငံ ဂျပန်နိုင်ငံ ကိုရီးယားနိုင်ငံတို့၌ မဟာယာန ဗုဒ္ဓဘာသာ ထွန်းကားလျက် ရှိ၏။ လူသန်းရာပေါင်းများစွာက လက်ခံနေသော ဘာသာအယူဝါဒ ဖြစ်သဖြင့် မဟာယာနကို တစ်ဖက်သတ် မမဝမန်ဘဲ လေးစားစွာ လေ့လာကြဖို့ သင့်၏။ ပြီးမှ မိမိတို့နိုင်ငံ၌ ထွန်းကားနေသော ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မည်သို့ကွာခြားသည် - မည်သည့်အယူအဆကို ပိုပြီး လိုက်နာဖို့သင့်သည်ဟု မိမိတို့ဖာသာ ဆုံးဖြတ်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ခရစ် ဘီစီ ၆၂၃ နှစ်တွင် မွေးဖွား၍ ဘီစီ ၅၄၄ နှစ်တွင် ပရိနိဗ္ဗာန် ပြုခဲ့သည်။

ဘုရားရှင်ပရိနိဗ္ဗာန်ပြုသောနှစ်ကစပြီး သာသနာသက္ကရာဇ်ကို စတင်ရေတွက်သည်။

သာသနာနှစ် ၁ - ပထမ သင်္ဂါယနာ တင်သည်။

သာသနာနှစ် ၁ ရာစု - ဒုတိယ သင်္ဂါယနာ တင်သည်။
ဝဇ္ဇီတိုင်းသား ရဟန်းများက ဝိနည်းတရားတော်ကို ပြင်ဆင်လိုကြ၍ မဟာသံဃိကဂိုဏ်းအဖြစ် သီးခြားခွဲထွက်ခဲ့ကြသည်။

သာသနာနှစ် ၂ ရာစု - သံဃာဂိုဏ်းပေါင်း ၃၀ အထိ ကွဲခဲ့ကြသည်။

သာသနာနှစ် ၃ ရာစု - အာသောကမင်းကြီး၏ ထောက်ပံ့မှုဖြင့် တတိယ သင်္ဂါယနာ တင်ခဲ့ကြသည်။ ရဟန္တာမထေရ်ကြီးများက ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ထွက်ခဲ့ကြသည်။

သာသနာနှစ် ၄ ရာစု အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာတော်ကို ချီးမြှင့်ထောက်ပံ့သော သာသနာ့ဒါယကာ မင်းဆက်ပြတ်၍ ဗြာဟ္မဏဘာသာဝင် ဘုရင်များ နှိပ်စက်သည်။
ဟီနယာန သဗ္ဗတ္ထိဝါဒတိုက်က အိန္ဒိယ အနောက်ပိုင်းသို့ ပြေးခဲ့ရ၍ ထေရဝါဒဂိုဏ်းက အိန္ဒိယတောင်ပိုင်း ဆန်ချီသို့ ရွှေ့ခဲ့ရသည်။

သာသနာနှစ် ၅ ရာစု - ပန်ဂျပ်ပြည်နယ်ကို အစိုးရသော ဂရိနွယ်ဝင် မိလိန္ဒမင်းကြီး၏အမေးကို အရှင်နာဂသိန် က ဖြေဆိုသော မိလိန္ဒပဉှာ ပါဠိတော်ကျမ်းကြီး ပေါ်ထွန်းခဲ့သည်။

သာသနာနှစ် ၆ ရာစု - ဂန္ဓာရတိုင်းတွင် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာအပေါ် ဟီနယာန သဗ္ဗတ္ထိဝါဒဂိုဏ်းက လွှမ်းမိုးပါသည်။

သာသနာနှစ် ၇ ရာစု - ဂန္ဓာရတိုင်း ပက်ရှာဝါမြို့တွင် သကမင်းများ စိုးစံသည်။ သကမင်းဆက်၌ ကနိရှကာ ဘုရင်က ဒါယကာပြု၍ ဟီနယာန သဗ္ဗတ္ထိဝါဒဂိုဏ်းက သင်္ဂါယနာ တင်ခဲ့သည်။
- မဟာယာနဂိုဏ်းက လေးစားသော အဋ္ဌကထာဆရာ အာသာဃောသ ပေါ်ထွန်းခဲ့သည်။ ချာနီဗုဒ္ဓများနှင့် ဗောဓိသတ္တဘုရားလောင်းနတ်သား အတွေးအခေါ်များ စတင်ပေါ်ပေါက်ခဲ့သည်။
- သာသနာနှစ် ၆၀၀ ခုနှစ်တွင် မင်းဟီ ဟာရုဟ်ဘုရင်ကြီးသည် အရုပ်မပေါ် အလွန်မြင့်မား၍ ဦးခေါင်းတော်မှ ရောင်ခြည်တော် ထွန်းလင်းနေသော ပုဂ္ဂိုလ်ထူးကို ရွှေသင်္ကန်းရုံလျက် ကြွရောက် လာသည် ဟု အိပ်မက် မက်သည်။ ထိုအိပ်မက်နှင့် စပ်လျဉ်း၍ ပညာရှိအမတ်များက "မဇ္ဈိမဒေသတွင် ဘုရားပွင့်နေပြီ သာသနာနှစ် တစ်ထောင်နောက်ပိုင်းတွင် တရုတ်ပြည်၌ သာသနာထွန်းလင်းမည်ဟု ဗျာဒိတ်တော်ထားခဲ့သည်ဟု လျှောက်ထားကြသည်။ တရုတ်ဘုရင်က ဗုဒ္ဓရှင်တော်မြတ်ဘုရားကို ပင့်ဆောင်ရန် အနောက်ဖက် တိုင်းပြည်များသို့ တမန်တော်များစေလွှတ်သည်။

www.burmeseclassic.com

- တမန်တော်များက ဗိုတန်ပြည်သို့ ရောက်သောအခါ အရှင်ကဿပ မဂဟာ (မိုထင်) ကိုတွေ့၍ တရုတ်ပြည်သို့ ပင့်ခဲ့သည်။ ဗုဒ္ဓပုံတော်ကို ပိတ်ဖြူပေါ်ရေး၍ ပိဋကတ်ကျမ်းစာများ နှင့် အတူ မြင်းဖြူထက်၌ တင်ဆောင် ပင့်ခဲ့ကြသည်။

သာသနာနှစ် ၈ ရာစု - အိန္ဒိယနိုင်ငံတွင် နာဂအဇ္ဈုန ရဟန်းတော်သည် နဂါးပြည်မှ ပိဋကတ်များ ရရှိခဲ့သည်ဟုဆို၍ မိန္ဒိမိကာသုညပါဒ ကျမ်းများကို ရေးသားသည်။ ၎င်းမှ မဟာယာနဂိုဏ်း ပေါ်ထွန်းခဲ့သည်။ အိန္ဒိယတစ်ပြည်လုံးတွင် မဟာယာနဝါဒ ပျံ့နှံ့သည်။


သာသနာနှစ် ၁၀ ရာစု - မဟာယာနဂိုဏ်းကို စတင်တည်ထောင်သော ကျမ်းပြုဆရာ အသင်္ဂ နှင့် ဝသုဗန္ဓု ညီနောင်နှစ်ပါး ပေါ်ထွန်းခဲ့သည်။ အိန္ဒိယပြည်တွင် ဂုပ္တမင်းများက နာလန္ဒာတက္ကသိုလ် စသော မဟာယာန တက္ကသိုလ်ကျောင်းကြီးများ တည်ထောင်ပေးသည်။
- အိန္ဒိယနိုင်ငံသား ရဟန်းတော်များ တရုတ်ပြည်သို့ သာသနာပြုရန် ကြွခဲ့ကြသည်။ တရုတ် ရဟန်းတော်များလည်း အိန္ဒိယသို့ ပညာတော်သင် ကြွခဲ့ကြသည်။ တရုတ်ရဟန်းတော် ဖါဟီယန် သည် ဂိုဘီ သဲကန္တာရကြီးကို ဖြတ်သန်းပြီး အိန္ဒိယပြည်အရောက် ၆ နှစ်ကြာ ခရီးနှင်ခဲ့သည်။ **အိန္ဒိယ**ပြည်တွင် ၇ နှစ်ကြာပညာသင်ခဲ့၍ တရုတ်ပြည်သို့ ပိဋကတ်တော်များ သယ်ဆောင် သွားသည်။
အရှင်ကုမာရဇီဝ တရုတ်ပြည်သို့ကြွ၍ သာသနာပြုသည်။
သာသနာ့ဒါယကာ ချင် မင်းဆက်ပြုတ်၍ မွန်ဂိုမင်းနှင့် တောင်ပိုင်း ဆွန်မင်းများက ဗုဒ္ဓသာသနာကို ညှင်းပမ်းနှိပ်စက်ကြသည်။
မွန်ဂိုဘုရင်က ဆင်းတုတော်များကို ဖျက်ဆီး၍ ပိဋကတ်ကျမ်းစာများကို မီးတိုက်သည်။ ဘုန်းကြီး ရဟန်းများကို သတ်သည်။ ပြည်သူလူထုက မကျေနပ်သဖြင့် ပေ ၅၀ မြင့်သော ကြေးဆင်းတုတော်ကြီး တစ်ဆူကို သွန်းလုပ်ပြီး ရွှေချပေးသည်။ တစ်မြို့လျှင် ကျောင်းတိုက် တစ်တိုက်စီ ဆောက်လုပ်ပေးပြီး ရဟန်း ၅၀ သီလရှင် ၅၀ ပြုခွင့် ပြန်ပေးသည်။

သာသနာနှစ် ၁၁ ရာစု - တရုတ်ပြည်တွင် ကျောင်းတိုက်ပေါင်း ၁၃၀၀၀ ရှိ၍ မဟာယာန ဗုဒ္ဓဘာသာ ရွှေခေတ်ဟု ခေါ်လောက်သည့် ခေတ်ကို ရောက်ခဲ့သည်။ အရှင် ဗောဓိဓမ္မ တရုတ်ပြည်သို့ ကြွ၍ ဈာန်ဂိုဏ်းကို တည်ထောင်သည်။ ကိုးရီးယားပြည်သို့ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိသည်။ ဂျပန်နိုင်ငံသို့ ဗုဒ္ဓရုပ်ပွားတော် စတင်ရောက်ရှိသည်။


သာသနာနှစ် ၁၂ ရာစု - အိန္ဒိယပြည်တွင် မဟာယာန မှ တန္တရယာန-ဝဇ္ဇာယာန အဖြစ်သို့ ပြောင်းလဲခဲ့၍ ဝဇ္ဇာဘုန်းကြီးများ ခေတ်စားလာခဲ့သည်။ တရုတ်ပြည်ပွင် တန်ပင်းဆက် ကော်စုဘုရင်က ဘုန်းကြီး နှင့် ပယ်သီလများ ရှိခြင်းကြောင့် စီးပွားဆုတ်ယုတ်သည်ဟု ယူဆပြီး ရဟန်း သီလရှင် မဝတ်ရန် ချုပ်ချယ်သည်။
- ယူအန်ဆောင် ဘုရင်လက်ထက်၌ ရဟန်း ၁၂၀၀၀ ကို လူထွက်စေခဲ့သည်။
ဤမင်းလက်ထက် မှာပင် သာသနာကို ကြည်ညိုသွားရာက သာသနာ့ဒါယကာ ခံယူပြန်သည်။
- တရုတ်ရဟန်းတော် ဟုအင်ဆန် (ဟိယင်ဆိုင်=ယွန်ချွမ်း=ယွန်ချောင်း) သည် အိန္ဒိယပြည်သို့ကြွ၍ ၁၄ နှစ်ကြာ ပညာသင်ယူသည်။
- ဂျပန်ပြည်တွင် ရှိတိုကုတိုင်းရှိ မင်းသားကြီး၏ ကြိုးပမ်းမှုကြောင့် ဂျပန်တစ်ပြည်လုံး မဟာယာန ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။

www.burmeseclassic.com

- ဤသမိုင်းကို အခြေပြု၍ ယခုစာတွဲတွင်
- မဟာယာန ဗုဒ္ဓဘာသာ အတွေးအခေါ်များ
- မဟာယာန ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်သော ဘုရားများ / ဘုရားလောင်းများ စသည်တို့ကို အခြေခံကာ မဟာယာန ဗုဒ္ဓဘာသာ ထွန်းကားရာ အလွန်တရာ ကြီးမားကျယ်ပြန့်လှသော တရုတ်ပြည်ကြီးသို့ ဘုရားဖူးသွားကြရအောင် ၆




တရုတ်ပြည် မြေပုံ





www.burmeseclassic.com

www.burmeseclassic.com

## တရုတ်နိုင်ငံ ဘုရင်မင်းဆက်များ

- ၁၁၂၂–၂၄၉ ဘီစီ ဈောင်မင်းဆက်များခေတ်တွင် ကွန်ဖြူးရှပ်နှင့် လာအိုဇီ အတွေးအခေါ်များ စပေါ်သည်။
- ၂၄၀ ၂၀၇ ဘီစီ ချင်မင်းများခေတ် တရုတ်ပဟာတံတိုင်းကြီးကို တည်ဆောက်သည်။
- ၂၀၂ ဘီစီ–အေဒီ ၂၂၁ ဟန်မင်းများခေတ်တွင် တရုတ်ပြည်ကြီး တိုးချဲ့ခဲ့သည်။ ကွန်ဖူးဇီး အတွေးအခေါ်ကို ပိုမိုလေ့လာကြ·တာ ဗုဒ္ဓဘာသာသာသနာ တရုတ်ပြည်သို့ စတင်ရောက်ရှိသည်။

# THE DYNASTIES of CHINA

| DATES | DYNASTIES | PEOPLE AND EVENTS |
|---|---|---|
| Legendary Period 2953-1767 B.C. | HSIA | Calendar made, writing, ploughs and wheeled vehicles invented. Silk industry developed. Yellow River floods controlled.  |
| 1767-1122 B.C. | SHANG | Legend ends and history begins |
| 1122-249 B.C. | CHOU | Life and politics take the form they keep until modern times. Lao Tse, Confucius, Mencius.  |
| 246-207 B.C. | CH'IN | "Burning of the Books." Great Wall completed.  |
| 202 B.C.-A.D. 221 | HAN | Expansion of China. Confucius is studied again. Buddhism brought to China  |
| A.D. 221-589 | MANY SHORT DYNASTIES | Civil war and invasions |
| A.D. 589-620 | SUI | China united again |
| A.D. 620-907 | TANG | Tai Tsung. Expansion of territory and influence. Efficient government. Li Po, poet. Wu Tao tzu, artist |
| A.D. 907-960 | SEVERAL DYNASTIES | Turmoil and unrest |
| A.D. 960-1279 | SUNG | Mongol invasions and Jenghiz Khan  |
| A.D. 1279-1368 | YUAN | Kublai Khan. European travellers go to China. Firearms invented. Mongols driven out |
| A.D. 1368-1644 | MING | Temple of Heaven and Palaces of the Forbidden City built. Manchus came to China |
| A.D. 1644-1912 | TA CH'ING or MANCHU | Short revival of old glories, followed by disorders. China forced to admit foreign merchants. Taiping rebellion. Defeat by Japan. Battle of concessions. Sun Yat-Sen and Nationalists |
| A.D. 1912 | | Emperor abdicates. China becomes a republic |



www.burmeseclassic.com

www.burmeseclassic.com

## တရုတ်နိုင်ငံမှ လေ့လာရန် သွားရောက်သင့်သော ရှေးဟောင်း စေတီပုထိုးများ


**Buddhist Monasteries in the Capital** ....................

*The Kwangchi Monastery, the Yung Ho Kung, the Wofu Monastery, the Miao-ying Monastery, the Tungchiao Nunnery, the "Five Pagoda" Monastery and the Tienning Monastery* ....................

**The Four Sacred Mountains** ....................

*Mount Wutai, Mount Omei, Mount Puto (Potalaka) and Mount Chiuhua* ....

**Buddhist Grottoes** ....................

*Tunhuang, Yunkang, Lungmen, the Maichishan, the "Thousand-Buddha" Grottoes of Kucha, the Pingling Monastery and Tachu* ....................

**Famous Buddhist Monasteries of Various Places** ....................

*The White Horse Monastery at Loyang* ....................

*The Great Tsuen Monastery, the Hsinchiao Monastery, the Chinglung Monastery and the Tsaotang Monastery at Sian* ....................

*The Pilu (Vairocana) Monastery and the Chihsiashan at Nanking; the Kiangtien Monastery at Chengkiang; and the Lingyen Monastery at Soochow* ........

*The Kuoching Monastery on Mount Tientai; the Tientung Monastery and the Ahyuwang (King Asoka) Monastery at Ningpo; the Tahfu Monastery at Hsinchang and the Lingying Monastery at Hangchow* ....................

*The Hsuanchung Monastery at Chiaochen; the Kwangsheng Monastery and the Tienlungshan at Chaochen; and the Chungshen Monastery at Taiyuan* ....

*The Sungyu Monastery on Mount Sungshan; the Stone Sculptures in Sung county; and the Shaoling Monastery on Mount Sungshan* ....................

*The Lingyen Monastery at Changching* ....................

*The Paoen Monastery in Shou County* ....................

*The Inscriptions of Scriptures at Chuyunkuan and the Tahfu Monastery at Chenteh* ....................

*The White Dagoba at Liaoyang* ....................

*The Yufu Monastery and the Chingan Monastery in Shanghai* ....................

*The Great Kaiyuan Monastery at Chienchow and the Nanputo Monastery at Amoy* ....................

*The Luyung Monastery at Canton and the Nanhua Monastery at Kükiang* ....

*The Chichushan (Kukkutapadagiri) at Likiang, the Yuantung Monastery at Kunming and the "Three Pagoda" Monastery at Tahli* ....................

*The Potala Palace at Lhasa; the Tashi Lumpo Monastery at Shigatse; the Daipung Monastery, the Sera Monastery and the Gandan Monastery at Lhasa* ..

*The Gumbum Monastery at Hsiling* ....................

*The Labrang Monastery at Hsiaho* ....................

*The Ganchuer Temple at Hailar and the Tsao Temple at Lingtung* ..........

*A Buddhist Monastery of the Thai People in Yunnan Province* ..........




www.burmeseclassic.com

www.burmeseclassic.com



တရုတ်နိုင်ငံ ဗုဒ္ဓဘာသာ အသင်းတော်ဌာနချုပ် ကွမ်ချိကျောင်းတော် (ပီကင်း) မှ သစ်သားဖြင့် ထုလုပ်ထားသော စကြာမုနိရုပ်ပွားတော် [ သက္ကရာဇ် ၁၇၂၃ ] ၂.၇ မီတာ အမြင့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## တရုတ်နိုင်ငံ၌ ကျောင်းကန်ဘုရားများ တည်ဆောက်ခဲ့ကြခြင်း

MING ဘုရင် (အေဒီ ၅၈-၇၅) ခုနှစ်ကာလ တရုတ်ပြည်ကို အုပ်စိုးစဉ် ဘုရင်၏ ကိုယ်စားလှယ်တော်များက တရုတ်ပြည်သို့ ဗုဒ္ဓဘာသာအတွေးအခေါ် စတင်ယူဆောင်သွားကြသည်။ နောက်နှစ်များကြာသောအခါ အိန္ဒိယနိုင်ငံမှ ရဟန်းတော်တစ်ပါး၊ မြင်းဖြူတစ်စီးနှင့် ဗုဒ္ဓဘာသာကျမ်းစာများ ရောက်သွားခဲ့သည်။ ဘုရင်က (ထိုအချိန်က မြို့တော်ဖြစ်သော) LUOYANG လိုယန်းမြို့တော်၌ မြင်းဖြူကျောင်းတိုက် WHITE HORSE MONASTERY ကို တည်ဆောက်ပေးခဲ့သည်။ ဤကျောင်းတိုက်ကြီးမှာ ယနေ့တိုင် အထင်အရှား ရှိနေသေးသည်။ တရုတ်နိုင်ငံသို့ ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံမှ တိုက်ရိုက် ရောက်လာခြင်း မဟုတ်ချေ။ အာရှအလယ်ပိုင်းဒေသ ပိုးထည်လမ်းမကြီး (ထိုခေတ်တရုတ်ပိုးထည်များကို အနောက်တိုင်းဒေသသို့ သယ်ဆောင်ရာလမ်းမ) ကတစ်ဆင့် ရောက်လာခဲ့ခြင်း ဖြစ်၏။ သက္ကရာဇ် ဒုတိယရာစု ကုန်ခါနီးလောက်တွင် အဆိုပါ လိုယန်းမြို့တော်၌ ဗုဒ္ဓဘာသာကျမ်းစာများကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့ကြသည်။ ဤလိုနှင့် နှစ်ပေါင်း ၁၅၀ လောက် ကြာခဲ့သည်။ ဗုဒ္ဓဘာသာက တရုတ်လူမျိုးများထဲသို့ ရုတ်တရက် မပျံ့နှံ့သေးချေ။ တရုတ်လူမျိုးတို့၌ ကိုးကွယ်စရာ ရိုးရာဘာသာက ရှိနေပြီးသောကြောင့် ဖြစ်၏။

တိုက်ဆိုင်သည်ဟုဘဲ ဆိုရမလားမသိ၊ တရုတ်ပြည်၌ ထင်ရှားသော ဘာသာအယူဝါဒ ခေါင်းဆောင်များ ဖြစ်ကြသည့် လောင်စု LAO TSU နှင့် ကွန်ဖြူးဆီးယပ် တို့မှာ ဗုဒ္ဓနှင့်ခေတ်ပြိုင် (ဘီစီ ၆ ရာစုခေတ်) ဖြစ်ခဲ့ကြသည်။

လောင်စု၏အယူဝါဒ၊ TAOISM မှာ မဟာယာန ဗုဒ္ဓဘာသာနှင့် လွန်စွာနီးစပ်သော ဘာသာရပ်အတွေးအခေါ် ဖြစ်၏။ ကွန်ဖြူးဆီးယပ် ဘာသာအယူဝါဒ ကတော့ ဗုဒ္ဓဘာသာနှင့် များစွာ ကွဲပြားခြားနားသည်။

သို့ကြောင့် ဗုဒ္ဓဘာသာ ရုတ်တရက် တိုးမပေါက်ခဲ့ခြင်း ဖြစ်၏။ အကယ်၍ တရုတ်ပြည်ကြီးသာ ထိုမတ်ယိုအချိန်က ညီညီညွတ်ညွတ် ရှိကြ၍ တိုင်းပြည်က တိုးတက်စည်ပင်သာယာ နေမည်ဆိုလျှင် ဗုဒ္ဓဘာသာအယူဝါဒက မည်သို့မှ ဝင်လာနိုင်မည် မထင်ချေ။

သို့သော် အေဒီ ၃၁၁ မှ ၅၈၉ ခုနှစ်များကာလမှာ တရုတ်လူမျိုးတို့သည် စည်းလုံးခြင်း မရှိခဲ့ကြ။ ပြင်ပနိုင်ငံများ၏ အနှောက်အယှက်ကို ခံနေကြရသောကာလ ဖြစ်၏။

၄ ရာစုကာလလောက်က ဆိုလျှင် ဗုဒ္ဓဘာသာအယူအဆကို ပညာတတ် အရာရှိအရာခံ လောက၌သာ လူသိများသော ဘာသာတစ်ရပ် ဖြစ်နေသေးသည်။ သက္ကရာဇ် ၃၈၀ ဂျင် JIN မင်းက တရုတ်ပြည် တောင်ပိုင်းတစ်ဝှလုံးကို သိမ်းပိုက်လိုက်ပြီး ဘုရင်ကိုယ်တိုင်က ဗုဒ္ဓဘာသာ သာသနာအမွေခံ မင်းအဖြစ် လက်ခံလိုက်သော ကာလကျမှ ဗုဒ္ဓဘာသာမှာ တရုတ်ပြည်တစ္ဆင်လုံးသို့ ပျံ့နှံ့သွားခဲ့သည်။ ဤကာလမှာပင် ဗုဒ္ဓဘာသာသည် တရုတ်ပြည်မှတစ်ဆင့် ကိုရီးယားနိုင်ငံသို့ ပျံ့ပွားသွားခဲ့သည်။ နောက်မှ ဂျပန်နိုင်ငံထိအောင် ပျံ့ပွားသွားခဲ့သည်။

သက္ကရာဇ် ၄၀၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ရဟန်းတော် ကုမရာဇိဝ KUMARAJIVA ရောက်လာသောအခါ ဗုဒ္ဓဘာသာမှာ ပို၍ပို၍ ထွန်းတောက်ခဲ့သည်။ ဤကာလမှာ ဗုဒ္ဓကျမ်းစာပေါင်း ၃၀၀ လောက်ကို တရုတ်ဘာသာသို့ ပြန်ဆိုနိုင်ခဲ့သည်။ ဤကာလမှာပင် တရုတ်ပြည်၌ ထင်ရှားသော DIAMOND SUTRA စိန်သွားကဲ့သို့ ထက်သော သုတ်တော်၊ LOTUS SUTRA ကြာပန်းကဲ့သို့ တည်ငြိမ်သော သုတ်တော် တို့ ပေါ်ထွန်းခဲ့သည်။ ဤကာလမှာပင် တရုတ်နိုင်ငံသို့ MADHYAMIKA မဓျမိက ရဟန်းတော် ရောက်လာခဲ့၍ နောင်အခါ ဂျပန်နိုင်ငံ၌ ထင်ရှားလာသော ဇင် ဗုဒ္ဓဘာသာ (တရုတ်နိုင်ငံအခေါ် ချန် CHAN ဗုဒ္ဓဘာသာ) အယူဝါဒ ရောက်ရှိခဲ့သည်။

ဤအချိန်မှာ တရုတ်ပြည်ကြီး၌ ကျောင်းကန်ဘုရားကြီးတွေ အပြိုင်ပေါ်ထွန်းခဲ့သည်။ ယင်းတို့အနက် လိုယန်းမြို့တော်နှင့် မဝေးလှသော လောင်မင်း LONGMEN ဒေသ၌ ဘုရားရုပ်ပွားတော်ပေါင်း တစ်သိန်းရှိသော ရုပ်ပွားတော်များကို ရှီမြစ်ကမ်းဘေးရှိ ကျောက်ဂူ ဥမင်ပေါင်း ၁၀၃ ခု အတွင်း၌ ထုလုပ်ခဲ့ကြသည်။ ယင်းတို့အနက် အကြီးဆုံးရုပ်ပွားတော်မှာ ၅၅ ပေမြင့်၏။ ဤဘုရားများကို နောင်အခါ



www.burmeseclassic.com

www.burmeseclassic.com

အနောက်တိုင်းမှ ဧည့်သည်အများက သိမ်းဆည်းဖို့ ခိုးယူသွားကြသလို တရုတ်ယဉ်ကျေးမှု တော်လှန်ရေးကာလ၌လည်း ဤဘုရားရုပ်ပွားတော် အတော်များများ ဖျက်ဆီးခြင်း ခံလိုက်ရသည်။ ဒါပေမယ့် ယနေ့ လောင်မင်းကို ရောက်သွားလျှင် ဘုရားရုပ်ပွားတော် အမြောက်အများကို ဖူးတွေ့နိုင်ပါသေးသည်။

တန်မင်းဆက်များအုပ်စိုးစဉ် (၆၁၈ ၉၀၇) ကာလတွင် ဗုဒ္ဓဘာသာမှာ အထွဋ်အထိပ် ရောက်ခဲ့သည်။ ဗုဒ္ဓဘုန်းကြီးကျောင်းပေါင်း ၄၅၀၀ ရဟန်းသံဃာပေါင်း နှစ်သိန်းခွဲအထိ ရှိခဲ့သည်။

သက္ကရာဇ် ၇၁၅ ခုနှစ်တွင် ဗုဒ္ဓဘာသာမှာ ရိုးနှိမ်ခံရသည်။ ဤကာလတွင် စေတီပုထိုး ရုပ်ပွားတော်များမှ ရတနာ ရွှေငွေတို့ကို အစိုးရက ယူငင်လိုက်ကြသည်။ သံဃာတော်များ မနေနိုင်အောင် နည်းမျိုးစုံဖြင့် ညှင်းပမ်းခဲ့ကြသည်။ ဘုန်းကြီးကျောင်း ဘုရားကျောင်းပိုင်မြေများကို အစိုးရက သိမ်းယူလိုက်သည်။

သို့သော် ဗုဒ္ဓဘာသာမှာ အခြေခိုင်နေပြီး ဖြစ်သည်။ ဘယ်လိုဖျက်ဖျက် မပျက်တော့ချေ။ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာမှာ တဖြည်းဖြည်းနှင့် အင်အားလျော့နည်းလာခဲ့သည်။ နောက်ဆုံး

• PURE LAND သန့်ရှင်းသောမြေဂိုဏ်း (ဝါ) ဘုရားကို တအားယုံကြည် ကိုးကွယ်ဆည်းကပ်ရန် အားပေးသောဂိုဏ်းနှင့် တရားထိုင်ရသော ချန် (ဂျပန်ပြည် ဇင် ဗုဒ္ဓဘာသာ) ဂိုဏ်း နှစ် ဂိုဏ်းသာ ကျန်ရှိတော့သည်။

သက္ကရာဇ် ၁၈၉၈ ခုနှစ်တွင် သာသနာမြေများကို အစိုးရပိုင်အဖြစ် သိမ်းယူဖို့ အမိန့်ထွက်လာခဲ့သည်။ ၁၉၀၆ တွင် အဆိုပါအမိန့်ကို ပြန်ပယ်ဖျက်သည်။

၁၉၂၉ တွင် တရုတ်အမျိုးသား ဗုဒ္ဓဘာသာအသင်းကြီး ပေါ်ပေါက်လာခဲ့သည်။ သို့သော် ၁၉၃၀ တွင် တရုတ်ပြည်၌ လူဦးရေ ၁ % ၂ % လောက်သာ ဗုဒ္ဓဘာသာအပေါ် လေးလေးစားစား ရှိကြသည်။ သို့ကြောင့် တရုတ်ပြည်၌ ကွန်မြူနစ်ဝါဒ မပျံ့ပွားမီ ကာလကပင် ဗုဒ္ဓဘာသာမှာ လျော့ကျနေပြီဟု ဆိုရပါမည်။


ယနေ့တရုတ်ပြည်မကြီးတွင် ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ကြိုးစားဆောင်ရွက်နေသည့် နေရာဆို၍ ပေါ်ညှိုးယိုးစရာ

• CHENGDU ချိန်ဒူမြို့မှ WEN SHU YVAN ဝန်ရှုရင် ကျောင်းတိုက်ကြီးမှာ အတက်ကြွဆုံးရှိ၏။ ဒါတောင် ယခုအဆိုပါ ဘုရားကျောင်းတော်ကို ဝင်သွားကြည့်လျှင်

- ကလေးတွေက ပန်းခြံအတွင်း ပြေးလွှားကစားနေကြ၏။
- သစ်သား အဆောက်အဦးများကို ဆေးအသစ် ပြန်သုတ်ထား၏။
- ဘုန်းကြီးတွေက သတင်းစာ ဖတ်နေကြသည်။

လူတွေက လက်ဖက်ရည်ဆိုင်ထရာများရှိရာမှာ တန်းစီနေကြသည်။ ဗုဒ္ဓဘာသာ တိုးတက်ရာ အားထုတ်သော စာသင်တိုက်ကဲ့သို့ မဟုတ်တော့ဘဲ အပန်းဖြေရာ ပန်းခြံအသွင် ရောက်နေလျက်ရှိ၏။





*According to tradition, Buddhism was introduced into China by envoys who had been sent to India by one of the Han emperors around AD 65. They returned with two Indian masters, a white horse, a Buddha image and the text of the 'Sūtra in Forty-two Sections'. The story was still a subject for popular illustration in the 19th century, when this drawing was made.*

www.burmeseclassic.com

www.burmeseclassic.com



တရုတ်နိုင်ငံ၌ ယခုတိုင်ဖူးတွေ့နိုင်သော ဟိုနမ်ပြည်နယ် ဆန်ဂျူကျောင်းတိုက်မှ ရှေးအကျဆုံး (သက္ကရာဇ် ၅၂၀) စေတီတော် ၁၅ ထပ်ရှိ၍ ၁၂ ဒေါင့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နိုင်ငံမှစေတီပုထိုးများ

တရုတ်နိုင်ငံတွင် ဗုဒ္ဓဘာသာအယူဝါဒနှင့်အတူ စေတီပုထိုး တည်ထား ကိုးကွယ်သည့်ဓလေ့လည်း ပူးတွဲ ပေါ်ပေါက်ခဲ့သည်။ ရှေးဦးစွာ တည်ထားသော စေတီပုထိုးတို့မှာ သစ်သားများဖြင့် တည်ဆောက်ခဲ့ကြ သဖြင့် ယခု မမြင်ရတော့ပြီ


ဟန် TANG မင်းဆက် ၆၁၈ - ၉၀ ကာလ နှင့် ဆောင် SONG မင်းဆက် ၉၆၀ - ၁၂၇၉ ကာလက တည်ဆောက်ခဲ့သော အုတ် အင်္ဂတေများဖြင့် တည်ဆောက်ခဲ့သည့် စေတီပုထိုး တစ်သောင်းလောက်ကို ယခု မြင်တွေ့နိုင်သေးသည်။


အိန္ဒိယနိုင်ငံတွင်းရှိသော မူရင်း ဘုရားတည်သည့်ဓလေ့ကို တရုတ်နိုင်ငံ ၏ အထပ်ထပ် ပြုလုပ်တတ်သောပညာဖြင့် ပေါင်းစပ်လိုက်ခြင်း ဖြစ်သည်။ နောက်ပိုင်းတည်ထားသော စေတီများမှာ အတွင်း၌ လှေကားရှိ၍ ပြတင်းပေါက်များ ထားရှိသည်။

ယွန်း YUAN ၁၂၇၁ ၁၃၆၈ ဘုရင်မင်းဆက်များ ကာလ၌ တိဘက် လားမား ဗုဒ္ဓဘာသာ ရောက်လာသောအခါ စေတီပုထိုးတို့၏ ပုံတော်များမှာ တိဘက်နိုင်ငံဆန်လာသည်။ ဘုရားငါးဆူ - တည်သောမေပ်ကို မော်ညွှန်းသော စေတီများလည်း ရှိသည်။

တရုတ်နိုင်ငံ ရှေးဟောင်းစေတီပုထိုးတို့မှ ထူးခြားရှိသော ဥပမာတိုက် ရုပ်ပုံ (က) အိန္ဒိယနိုင်ငံ ဂန္ဓာရပုံစံ အေဒီ ၂၀၀ မျိုးဖြစ်၏။

တရုတ်ပြည်သို့ ဗုဒ္ဓဘာသာရောက်လာသောအခါ နတ်ပြည်နိမ္မာန်ကို ရည်ညွှန်းသော ရုပ်ပုံ (ခ) ကဲ့သို့ ပုံသဏ္ဍာန်မျိုး ဖြစ်လာသည်။





မူလအိန္ဒိယ (ဂန္ဓာရ) စေတီပုံစံ နောင်ပြောင်းလဲလာသော တရုတ်ပုံစံ

www.burmeseclassic.com




မူလ ရွှေစည်းခုံစေတီတော်နှင့် ခေတ်ပြိုင်
တရုတ်နိုင်ငံ- ရှေးအကျဆုံး သစ်သားဖြင့်ပြုလုပ်ထားသော စကြာပုနိ ဘုရားစေတီ

ဆောင်မင်းများလက်ထက် ( ၁၂၃၄ - ၁၂၃၈ )ကာလအတွင်း ကွမ်ရှုဒေသ၌ ဟည်ယားသော ရှေးကျသည့် စေတီနှစ်ဆူတွဲမှ တစ်ဆူ၊ ကျောက်များဖြင့် တည်ထောက်ထားသော စေတီဖြစ်၏။





www.burmeseclassic.com



ရှေးအကျဆုံး တရုတ်နိုင်ငံမှ စေတီတော်များ

(၁) အေဒီ ၄၀၅ ခုနှစ်က တည်ဆောက်ခဲ့သော အာသောကကျောင်းတိုက်ဝန်းမှ စေတီ (NINGPO CHEKIANG ပြည်နယ်)

(၂) အေဒီ ၅၃၅ ပန်းစေတီ LUYUNG TEMPLE - CANTON ပြည်နယ်)

(၃) ငန်းမကြီးစေတီ အေဒီ ၆၃၂ SIAN မြို့ SHENSI ပြည်နယ်

သရုပ်ပုံ (ဃ)

www.burmeseclassic.com

www.burmeseclassic.com

Raima www.burmeseclassic.com




တရုတ်နိုင်ငံမှ ရှေးအကျဆုံး ဟိုင်မ ဘုရားကျောင်း (မြင်းဖြူကျောင်းဟော်) သက်တမ်း ၂၀၀၀ ရှိပြီ၊ ဟီနန်ပြည်နယ် လိုရမ် LAOYANG မြို့တော်အနီးတွင်ရှိသည်။

ခရစ်နှစ် ၆၄ အေဒီ တွင် တရုတ်ဧကရာဇ် ဘုရင်မှ ကိုယ်စားလှယ်တော်များက အိန္ဒိယနိုင်ငံမှ ရဟန်းတော် နှစ်ပါးနှင့် ပုဒ္ဓကျမ်းစာများကို မြင်းဖြူပေါ်တင်၍ ပင့်ဆောင်ခဲ့သည်၊ အိန္ဒိယနိုင်ငံမှ ရဟန်းတော်နှစ်ပါး (**KASYAPAMATANGA AND DHARMARANYA**) ၏ သုသာန်များ ဤကျောင်းတော်တွင် ယနေ့တိုင် မြင်တွေ့နိုင်ပါသည်။ ဤကျောင်းတော်ကို ဘုရင်အဆက်ဆက်က ပြုပြင်ခဲ့၍ ၁၉၆၁ ခုနှစ်မှ အစိုးရက တာဝန်ယူထိန်းသိမ်းထားသည်။

Pota Pagoda, Kaifeng's oldest, built in 977. Every brick has a Buddhist image.



Tiles of this pagoda feature musicians and Buddhas.



ခရစ် ၉၇၇ ခုနှစ်တွင် တည်ဆောက်ခဲ့သော ရှေးအကျဆုံး ဘုရား
အုတ်ချပ်တိုင်းတွင် ဘုရားရုပ်ပွားတော် ဓာတ်တော်ပါရှိသည်။ (ခေတ်သစ်ပြုပြင်ပြီး)



www.burmeseclassic.com

www.burmeseclassic.com

## "မဟာယာန" ဟူသောအမည်ဖြစ်မည့် "ယာန" ဟူသော စကားအစ

သင်္ဂါယနာတင် ကနစ်ဿျကမင်းကြီးလက်ထက် သံဃနာယက ရှင်အဿဃောသ သည် "ဗုဒ္ဓစာရိတ" မည်သော ဘုရားဖြစ်စဉ် ကျင့်စဉ်ကျမ်းတစ်စောင် စီရင်ရေးသားတော်မူသည်။ ထိုကျမ်းတွင် အကျင့်သုံးမျိုးကို အဓိကထား၍ ပြထားသည်။ ကျင့်စဉ်သုံးမျိုးမှာ–

၁။ သာဝကယာန

၂။ ပစ္စေကဗုဒ္ဓယာန

၃။ ဗုဒ္ဓယာန– တို့ဖြစ်သည်။

ကျွန်ုပ်တို့ တောင်ပိုင်းထေရဝါဒ ဗုဒ္ဓဘာသာလောကတွင် ၎င်းသုံးပါးကိုပင် (၁) သာဝကဗောဓိ (၂) ပစ္စေကဗောဓိ (၃) သမ္မာသမ္ဗောဓိ ဟူ၍ ဆုသုံးမျိုး၊ အကျင့်သုံးမျိုး ခေါ်သည်။ အတူတူပင်ဖြစ်သည်။

"ယာန" ဆိုသော ပါဠိစကားမှာ ယေ့, လှည်း, ရထား စသော စီးသွားစရာယာဉ်ကို ဆိုသည်။ သွားခြင်း ဟူသော အဓိပ္ပါယ်လည်း ရနိုင်သည်။ ဗုဒ္ဓဘာသာတွင် သံသရာကို သမုဒ္ဒရာရေပြင်သဏ္ဌာန် ထား၍ မဂ္ဂင်တရားကို လှေဖောင်သဏ္ဌာန်ဖြင့် ကူးသွားနိုင်ပုံကို ဥပမာ ပြလေ့ရှိသည်။ ဤသို့အားဖြင့် နိဗ္ဗာန်ကို ကူးသွားစီးသွားစရာယာဉ် (ဝါ) အကျင့်တရားဟု အဓိပ္ပါယ်ရသည်။

### ယာနသုံးမျိုး

ဆိုခဲ့သော ယာနသုံးမျိုးနှင့်စပ်၍ ဗုဒ္ဓဘာသာအရ နိဗ္ဗာန်သို့ကူးရောက်ကြောင်း အကျင့်သုံးပါးရှိ၏။ (၁) ရိုးရိုးသာဝက (လူရဟန်း) အဖြစ်ဖြင့်ကျင့်၍ ရောက်ခြင်း၊ (၂) ထို့ထက်အတန်းမြင့်သော ပစ္စေကဗုဒ္ဓအကျင့်ဖြင့် ရောက်ခြင်း (၃) ထိုထက် မြင့်သော အမြင့်ဆုံး ဗုဒ္ဓဘုရား အဖြစ်ဖြင့် ရောက်ခြင်း တို့တည်း။

ဤသုံးပါးတွင် ပထမနစ်ပါးမှာ မိမိတစ်ကိုယ်တည်းသာ နိဗ္ဗာန်သို့ကူးနိုင် ရောက်နိုင်၍ တစ်ကိုယ်ကောင်းအကျင့်သာ ဖြစ်သည်။ သတ္တဝါတို့ကို ကယ်တင်နိုင်သော အကျင့်မျိုးမဟုတ် ဗုဒ္ဓယာန ဘုရားအကျင့်သည်သာလျှင် သတ္တဝါအများကို ကယ်တင်နိုင်သည်။ သို့ကြောင့် ဤဗုဒ္ဓယာနသည်သာ အမြတ်ဆုံးဖြစ်သည်ဟု တွေးခေါ်လာကြရာက ဗုဒ္ဓယာနကိုသာ လိုက်နာ ကျင့်ဆောင်အပ်ကြောင်း ရေးသား တိုက်တွန်းခဲ့ကြလေသည်။ အမြင့်ဆုံး အမြတ်ဆုံးဖြစ်သည်ဟု "မဟာ" ဟူသော စကားဖြင့် လဲလှယ်ခါ "မဟာယာန" ဟု တစ်ခါတစ်ရံ စတင်ခေါ်ခဲ့လေသည်။

### "မဟာယာန"–"ဟီနယာန"

သာသနာတော် ၇၀၀ အတွင်း (1-2 century AD) ကနိဿျကမင်း လက်ထက် ရှင်အဿဃောသ ရေးခဲ့သော ထိုဗုဒ္ဓစာရိတကျမ်းအရ "မဟာယာန"၏ အစမျိုးစေ့သည် ပေါ်ကြိုက်များ လာရာ နောက်အနှစ် (၃၀၀) ခန့် အကြာ သာသနာတော် ၉၀၀ ကျော်အတွင်း ( 4 century AD) ကျန်တစ်ဖက်သော ဗုဒ္ဓဘာသာအယူကို ယုတ်နိမ့်သည်ဟု ချိုးနှိမ်၍ ခေါ်ဝေါ်သော "ဟီနယာန" ဟူသောအမည်သည် အထင်အရှားဖြစ်လာခဲ့လေသည်။

ရှင်အဿဃောသ စခဲ့သော မဟာယာနမျိုးစေ့ကို ရှင်နာဂအဇ္ဇုန က ဆက်၍ မြေတောင်မြှောက် ပေးသွားလေရာ အနှစ် ၃၀၀ အတွင်း အလွန်လူကြိုက်များ၍ ထင်ရှားသောဝါဒ ဖြစ်သွားခဲ့လေသည်။ ဤသို့အားဖြင့် မြောက်ပိုင်း မဟာယာနဗုဒ္ဓဘာသာတွင် ရှင်နာဂအဇ္ဇုနသည် ၎င်းဂိုဏ်းကို တည်ထောင်သူ ဟု နာမည်ကြီးနေသည်။

မြောက်ပိုင်းဗုဒ္ဓဘာသာသည် ပထမ သာသနာ ၁၀၀ မှစ၍ ထေရဝါဒနှင့် ကွဲခဲ့ကြရာ သာသနာ ၁၀၀၀ အတွင်း အထိ မဟာသံဃိကဲ (ထေရဝါဒမှ ခွဲထွက်သော) သဗ္ဗာသတိအရိယာ သဗ္ဗာသတိဝိဘာသိက မဟာယာန ဟူ၍ အမည်များ အမျိုးမျိုး အဆင့်ဆင့် ဖြစ်ပေါ်လာခဲ့သည်။ မြောက်ပိုင်းတိုင်းပြည်များတွင် ယုံကြည်ကိုးကွယ်သောဂိုဏ်းဖြစ်၍ မြောက်ပိုင်းဗုဒ္ဓဘာသာ ဟုလည်း ခေါ်တွင်သည်။

မဟာယာနအယူအရ ဘုရားလောင်းဝါဒဖြစ်၍ "ဗောဓိသတ္တယာန" ဟုလည်း ခေါ်သည်။ ဤသို့အားဖြင့် မဟာယာနကို ဘုရားလောင်း ဝါဒဂိုဏ်းကြီးဟု မှတ်ယူနိုင်သည်။

www.burmeseclassic.com

## ဘုရားလောင်းဝါဒ

## အယူတဖြည်းဖြည်းပြောင်းလဲသွားခြင်း

ဗုဒ္ဓယာန- မဟာယာနဂိုဏ်းကြီး ကြီးကျယ်ထင်ရှားလာရခြင်းမှာ ဘုရားလောင်းဝါဒကို လူကြိုက်များလာသောကြောင့် ဖြစ်သည်။ စင်စစ်သော်ကား လူတို့အကြိုက်ကိုလိုက်၍ ပြုပြင်ထားသောကြောင့် လူကြိုက်များခြင်း ဖြစ်သည်။

ထိုဂိုဏ်းမှာ ကြပ်တည်းသော ဝိနည်းအကျင့်တို့ကို လည်းကောင်း၊ ခက်ခဲနက်နဲသော အဘိဓမ္မာတရားတို့ကို လည်းကောင်း၊ ငြီးငြူရလှစွာသော ကမ္မဋ္ဌာန်းဘာဝနာတို့ကို လည်းကောင်း၊ များစွာ အလေးဂရုမပြုကြတော့ဘဲ ဘုရား၏ တန်ခိုးတော်ပါဒ်၊ ဘုရားလောင်းတို့၏ တန်ခိုးတော်ပါဒ်- ဉာဏ်ပညာ- ဂုဏ်ကျေးဇူးများပုံတို့ကို ချီးမွမ်း ချီးပ၍ ၎င်းတို့၏ "အမိတ္တာဘ" "အမိတာယု" မကြအပ်၊ မနိုင်းယှဉ်အပ် သော ဘုရားဂုဏ်တော်တို့ကို အရင်းခံပြီးလျှင် မိမိတို့အလိုရှိရာသို့ ထွေဝင်ရဲ့လွှင် ပြောဟောရေးသား ကြလေတော့သည်။ ဤသို့လျှင် (ရတနာကူဋ) (ဆဒ္ဓမ္မ) စသော များစွာသော သုတ္တန် စာပေလက်သစ်တို့ ဖြစ်ပေါ်လာကုန်၏။

ထောမိသတ္တ ဘုရားလောင်းကို ဂုဏ်အမျိုးမျိုးတင်ကာ အောက်ပါအမည်တို့ကို ပေး၍ ချီးပ ချီးမြှင့်ကြလေသည်။ အဝလောကိတေသွာရ- အဝလောကိတ (လောကကို အမြဲစောင့်ရှောက် ကြည့်ရှုနေသော ဂရုဏာရှင်) ပဥ္စသိရိ (ပဥ္စ - သာယာနှစ်သက်ဖွယ်ရှိသော၊ သိရိ - ဂုဏ်ကျက်သရေ) သမန္တ-ဘဒြ (အလုံးစုံ ထက်ဝန်းကျင် ကောင်းမွန်သော၊ စီးပွားတိုးတက်စေနိုင်သော) စသည်ဖြင့် များစွာသော အမည်နာမတို့ကိုထွင်၍ ချီးကျူးကိုးကွယ်ကြလေသည်။

ဘုရားလောင်းဆိုရာ၌ ဘုရားဆုပန် ဘုရားဖြစ်မည့်သူဟူ၍ သာမညအားဖြင့်သာ ကျွန်ုပ်တို့ တောင်ပိုင်းက ယူကြသည်။ ထိုမြောက်ပိုင်းဘုရားလောင်းကား သာမညမဟုတ်တော့ချေ။ လူမှလွန်၍ နတ်အဖြစ် နတ်ဘုရားအဖြစ်သို့လည်း ရောက်နေလေသည်၊ တစ်ခါတစ်ခါ လူအများကိုကယ်တင်ရန် လူ့ပြည်သို့ လူအဖြစ်ဖြင့် လာရောက်သည်ဟုလည်း ယူကြသည်။

ဗုဒ္ဓဘုရားကို ကောင်းကင်ဘုံ၌ အမြဲတည်နေစေပြီးလျှင် ထိုကောင်းကင်ဘုံဘုရားမှာ လူ့လောက နှင့် တိုက်ရိုက် မဆက်ဆံနိုင်တော့သဖြင့် ဘုရားနှင့်လူအကြား ဆက်သွယ်ပေးနိုင်သော (သို့မဟုတ်) ဆက်သွယ်ပေးနိုင်ရန် ပုဂ္ဂိုလ်တစ်မျိုး လိုလေရာ ထို "ဘုရားလောင်း" တို့မှာ ထိုနေရာအတွက် ဖြစ်လာလေသည်။

စင်စစ်သော်ကား ဗုဒ္ဓဘာသာသည် အိန္ဒိယပြည်မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းသို့ ရောက်သွားသောအခါ ဂျိန်း နှင့် ဟိန္ဒူနယ်သို့ ရောက်သွားခြင်းဖြစ်၍ ထို ဂျိန်း၊ ပါသျှန်- စသော ဘာသာအယူဝါဒတို့ နောက်သို့ လိုက်လျောကာ ခပ်ဆင်ဆင် ပြုပြင်သွားခြင်း ဖြစ်လေသည်။ သို့မှလည်း ထိုအရပ်ဒေသရှိ လူတို့သည် ဗုဒ္ဓဘာသာကို နားလည်လွယ် ယုံကြည်လွယ် ဗုဒ္ဓဘာသာ ဖြစ်လွယ်လာကြမည် ဖြစ်သောကြောင့် ဖြစ်ခဲ့ရပါသည်။

## ခြားနားချက်

မြောက်ပိုင်း နှင့် တောင်ပိုင်း အရေးကြီးသော ခြားနားချက်ကြီးကား တောင်ပိုင်းမှာ ဗုဒ္ဓအယူကို ရှင်းရှင်းသန့်သန့်ထား၍ မိစ္ဆာဖလာ နတ် စသော အခြားအယူတို့ကို အဝင်မခံ၊ ပသိမ်းသွင်း၊ အယူရင်းအတိုင်းပြု၍ သက်ဝင်ယုံကြည်စေသည်။ (ဥပမာ၊ မြန်မာပြည်၌ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း၊ ကိုးမြို့ရှင်၊ ဦးရှင်ကြီး စသော တိုင်းရင်းနတ်ကိုးကွယ်ခြင်း အယူအဆကို ဗုဒ္ဓဘာသာက အရောမခံ)

မြောက်ပိုင်းတွင်ကား အရော အသိမ်းအသွင်း ခံသည်။ ဥပမာ ပါသျှပြည် မိစ္ဆာဖလာနတ်တစ်ဦး ဦးကို ဗုဒ္ဓဘာသာမှ နတ်ဖြစ်ဟန်၊ သို့မဟုတ် ဘုရားလောင်း ဝင်စားသောနတ်ဖြစ်ဟန် ပြုဆို၍ မိမိတို့ သက်ဝင်ယုံကြည်ပြီး နတ်တို့နှင့် ပေါင်းဆက်၍ ဗုဒ္ဓဘာသာသို့ ညွှတ်စေသည်။ ဤကား အလွန်မှတ်ဖွယ် ကောင်းသော ခြားနားချက်တည်း။ ဤနည်းကြောင့်ပင် မဟာယာနဗုဒ္ဓဘာသာမှာ မိစ္ဆာဖလာ ကိုးကွယ်မှုတွေ ရောနှောကာ ပျက်ပျက်စီးစီး နှင့် မသန့်မရှင်း ဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ထေရဝါဒ နှင့် မဟာယာန ဗုဒ္ဓဘာသာ အဓိကကွဲပြားခြားနားသည့် အတွေးအခေါ်များ

ဘာသာဂိုဏ်းနှစ်ခုစလုံးက ဘုရား၊ တရား၊ သံဃာ ဆိုသော ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ကြ၏၊ - သစ္စာလေးပါးတရား (စေ့စကြာ) ကို ယုံကြည်ကြသည်။

သူတစ်ပါးအသက်ကိုမသတ်ရ၊ လိမ်မပြောရ၊ သူတစ်ပါးသားမယား မပြစ်မှားရ၊ သူတစ်ပါးပစ္စည်း ခိုးမယူရ နှင့် သေရည်သေရက်မသောက်ရ ဆိုသော သီလငါးပါးကို စောင့်ထိန်းရာတွင်လည်း တူညီကြသည်။ (တိဘက် နီပေါ နှင့် ဂျပန်နိုင်ငံတို့တွင် သေရည်သေရက် နှင့် ပတ်သက်၍ များစွာတင်းကြပ်ခြင်း မရှိချေ။)

အားလုံးကလည်း နိဗ္ဗာန်ကို မျှော်မှန်းကြသည်၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွင် အလယ်အလတ်လမ်းစဉ် မဇ္ဈိမပဋိပဒါလမ်းကို လိုက်ကြဖို့လည်း တူညီကြသည်၊ သို့သော် အသေးစိတ်လမ်းစဉ်ကျတော့ မတူညီကြတော့ချေ။

## နိဗ္ဗာန်ရောက်ကြောင်းနည်းလမ်း

ထေရဝါဒဗုဒ္ဓဘာသာဝင်များအဖို့ တရားထိုင်ကြရသည်၊ ကိုယ်စိတ်နှလုံးကို ထိန်းသိမ်းကြရသည်။ နိဗ္ဗာန်ကို အောက်ပါအတိုင်း အဆင့်လေးဆင့်ဖြင့် သွားကြသည်။

၁။ အပါယ်တံခါးပိတ်ခြင်း

၂။ လူ့ဘဝ၌ နောက်တစ်ကြိမ်သာ ပြန်ဖြစ်ခြင်း

၃။ လူ့ဘဝသို့ပြန်မရောက်တော့ဘဲ အထက်ဘုံဘဝမှ နိဗ္ဗာန်သို့ကူးခြင်း

၄။ ဤဘဝမှာပင် အရဟတ္တဖိုလ်ရပြီး နိဗ္ဗာန်သို့ကူးခြင်း

မဟာယာနဗုဒ္ဓဘာသာဝင်တို့ကတော့ ဗောဓိသတ္တဘုရားလောင်းဘဝကို ရောက်ရအောင် အဓိကမျှော်မှန်းချက်ထားရှိ၏။ ဗောဓိသတ္တဘုရားလောင်းဘဝ နှင့် လူတစ်ကာကို ကယ်တင်ပြီးတော့မှ နိဗ္ဗာန်ကို ဝင်မည်ဖြစ်သည်။ ဗောဓိသတ္တဘုရားလောင်းဖြစ်ဖို့ နည်းလမ်းက အမျိုးမျိုးရှိသည်၊ ဂိုဏ်းအမျိုးကွဲပေါ်မှုတည်ပြီး အယူအဆ ကွဲပြားခြားနားသည်၊ အချို့မဟာယာနဂိုဏ်းများကျတော့ ကြာအဆင့်မစောင့်ဘဲ လူ့ဘဝမှာပင် တစ်ချက်တည်းနှင့် (ဥပမာ ဇင်ဗုဒ္ဓဘာသာ အယူအဆ) တရားထိုင်နေရင်း ဘဝသစ်ကို ရောက်သွားနိုင်သည်ဟု ယူဆကြ၏။ အချို့ကျတော့ အမိတာဘ ဘုရားကြီးကို ပူဇော်ဆည်းကပ်ရင်း ကြည်ညိုရင်း ကူးပြောင်းသွားနိုင်သည်ဟု ယူဆကြသည်။

## ဘုရားအပေါ်ထားရှိသောအမြင်

ဘုရားအပေါ်ထားရှိသည့်အမြင်ကျတော့ များစွာကွဲပြားခြားနား၏။ ထေရဝါဒဗုဒ္ဓဘာသာများ အမြင်က ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်မည်၊ လေးဆူပွင့်ပြီးပြီ၊ နောင်အရိမေတ္တေယျ ဘုရားတစ်ဆူ ပွင့်ရန် ကျန်သည်။

ဘုရားဆိုတာက ဤလောကကြီးကို ဖန်ဆင်းပေးတော်မူသော အစစအရာရာ ကြီးမြတ်သော ထူးကဲသော လိုသောဆုပေးသနားနိုင်သော ပုဂ္ဂိုလ် မဟုတ်ချေ။ နိဗ္ဗာန်ရောက်ကြောင်း တရားလမ်းကို ပြသပေးသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သာ ဖြစ်၏။ ဘုရားကိုရှိခိုးနေလို့ ပူဇော်နေလို့ နိဗ္ဗာန်နှင့် ဝိုပြီးနီးလိမ့်မည်ဟု ဘုရားက မဟောကြားခဲ့ချေ။

မဟာယာန ဗုဒ္ဓဘာသာဝင်များကျတော့ ဘုရားကို အထက်မိုးကောင်းကင်ပေါ် အမြင့်ဆုံးနေရာ၌ ထားရှိ၏။ ကိုယ်ပွားသုံးဆူ TRI KARYA တြိကာယအဖြစ် ယက်ခံကြ၏။

၁။ ခန္ဓာကိုယ်ရုပ်လုံးမရှိသော တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားကြီး DHARMA KAYA

၂။ ကြည်ညိုဖွယ်ကောင်းသော ရုပ်အဆင်းရှိသော သူတစ်ပါးကို ကယ်တင်စေ့ရာက သာယာမှုအပေါင်းနှင့် ပြည့်စုံသော ကိုယ်ပွားဘုရား SAMBHOGA KAYA

၃။ လူသားတို့ကို ကယ်တင်ရန် ဆင်းသက်လာပြီး တရားဓမ္မဟောကြားခဲ့သော ကြွင်းမှန် ကိုယ်ပွားဘုရား NIRMANA KAYA ဆိုပြီး ထားရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com

လူသားတို့ကိုကယ်တင်ရန် ရောက်လာတတ်သော ဘုရားအများ ရှိကြသေးသည်ဟုလည်း မြင်ကြသည်။

## အရဟတ်

ထေရဝါဒဗုဒ္ဓဘာသာအမြင်အရ နိဗ္ဗာန်သို့ကူးတော့မည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်၏၊ ဘဝအဆက်ဆက် ပါရမီဖြည့် ကျင့်ကြံအားထုတ်ရာက ရရှိသောအဆင့်ဖြစ်၏။

မဟာယာန ဗုဒ္ဓဘာသာဝင်တို့၏အမြင်အရ အရဟတ်အဆင့်ရသော ပုဂ္ဂိုလ်မှာ တစ်ကိုယ်ကောင်းဆန်သည်၊ သူတစ်ကိုယ်တည်းသာ နိဗ္ဗာန်ဝင်ဖို့ကြိုးစားသူ၊ ကျန်လူသားအများကို ကယ်တင်လိုစိတ်မရှိသူဟု ဆိုပြီး အထင်မကြီးကြချေ။

## ဗောဓိသတ္တဘုရားအလောင်းတော်

ဗောဓိသတ္တကို ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏အလိုအရ ဘုရားဖြစ်ရအောင် ကျင့်ကြံကြိုးစားနေသောပုဂ္ဂိုလ် ပါရမီမပြည့်စုံသေးသောပုဂ္ဂိုလ်ဟု ယူမှတ်ကြသည်၊ တစ်နေ့ကျလျှင် ဘုရားဖြစ်လာမည့်ပုဂ္ဂိုလ် ဖြစ်၏။

မဟာယာနဗုဒ္ဓဘာသာကျတော့ ဗောဓိသတ္တဆိုသူမှာ နိဗ္ဗာန်ဝင်ဖို့လမ်းကို တွေ့ပြီးပေမယ့် ကျန်လူသားတို့အား ကယ်တင်ရန် လူ့ကမ္ဘာသို့ လာရောက်နေထိုင်ကာ တရားဓမ္မပြသသူဟု အဓိပ္ပါယ်ကောက်ကြ၏။

## သံဃာဝင်

ထေရဝါဒဗုဒ္ဓဘာသာတွင် သံဃာ့ဝင်နှောင်ကြိုးကို နည်းနိုင်သမျှ နည်းအောင် ဖြတ်တောက်လိုကြ၏၊ သို့ကြောင့် ရဟန်းဘဝကိုကူးပြီး တစ်ကိုယ်တည်း တရားကျင့်ကြံကြလေ့ရှိကြ၏။ တိဗက်နိုင်ငံမှာလည်း ဤအတိုင်းဖြစ်၏၊ တရားလိုက်စားသူတို့သည် ဘုန်းကြီးကျောင်းမှာ နေထိုင်ကြသည်။

မဟာယာနဗုဒ္ဓဘာသာများကျတော့ ဤအချက်ကို အထူးအလေးမပေး၊ အထူးသဖြင့် ဂျပန်နိုင်ငံတွင် ရှေးခေတ်ကရော ယခုခေတ်များပါ သံဃာဝင်ဖြတ်ဖို့ စိတ်ကူးကြဟန်မရှိချေ။ သို့ကြောင့် ဘုန်းကြီးများသည် ဆွမ်းခံထွက်ခြင်းမရှိ အိမ်ထောင်ပြုကြသည်၊ ငွေကြေး ရှာဖွေစုဆောင်း တတ်ကြသည်။

## လူသားများအတွက်တာဝန်ထမ်းဆောင်ခြင်း

ထေရဝါဒ ဗုဒ္ဓဘာသာတွင် ဘုန်းကြီးရဟန်း နှင့် လူသားတို့သည် ကင်းကင်းရှင်းရှင်းနေကြသည်၊ လူသားတို့လှူဒါန်းသော ဆွမ်း ကွမ်းကို မှီဝဲ၍ ကျောင်းတိုက်တွင် နေထိုင်ကြသည်။

ဂျပန် နီပေါ စသည်တို့မှာတော့ ဤသို့မဟုတ် လူသားတို့နှင့် ပူးပေါင်းနေလေ့ရှိသည်၊ လူသားတို့ အခက်အခဲတွေ့ကြသည့်အခါ ဘုန်းကြီးရဟန်းများက အမြဲကူညီသည်။ ဂျပန်နိုင်ငံမှာဆိုလျှင် ဘုန်းကြီးတွေက အလုပ် လုပ်ကြရသည်၊ အလုပ် လုပ်မှ စားသောက်ကြရသည်။

ထေရဝါဒနိုင်ငံများမှ ဘုန်းကြီးရဟန်းတို့သည် စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်ပါဝင်ခြင်းမရှိ ပါဝင်ခွင့်လည်းမရှိချေ။

ဂျပန်နိုင်ငံ အထူးသဖြင့် ချင်ဗုဒ္ဓဘာသာတွင် အလုပ်လုပ်ကြရသည်၊ အလုပ်လုပ်ပြီးမှ ထမင်းစားခွင့်ရှိသည်၊ သို့ကြောင့် ဂျပန်နိုင်ငံတွင် ဘုန်းကြီးများ ဦးစီးတည်ထောင်သော လမ်း၊ ဟော်တယ်၊ တည်းခိုဆောင်၊ ဆေးရုံ၊ ဆေးခန်း၊ ရေကန်၊ ဆိပ်ကမ်း စသည်တို့ရှိ၏၊ အခွန်အကောက် ကောက်ယူပြီး စားသုံးနေထိုင်ကြသည်။ ငွေကိုလည်း ချေးစားနေကြသည်။

## လူတန်းစားခွဲခြားခြင်း

ဟိန္ဒူတို့၌ မြင့်မြတ်သောပုဏ္ဏားမျိုး စသည်ဖြင့် လူတန်းစား အလွှာအဆင့် ခွဲခြားသလို ထေရဝါဒဗုဒ္ဓဘာသာမှာရော မဟာယာနဗုဒ္ဓဘာသာမှာပါ လူတန်းစားအဆင့် ခွဲခြားသည့် အယူအဆ မရှိကြချေ။



www.burmeseclassic.com

www.burmeseclassic.com



ယခုထွန်းကားနေသော ထေရဝါဒီတို့ကမူ မြန်မာ သီရိလင်္ကာ ထိုင်း စသည်တို့၌ မြတ်စွာဘုရား ပါဠိတော်များကို ပြင်ဆင်ဖြည့်စွက်ခြင်း နုတ်ပယ်ခြင်းမပြုဘဲ မူရင်းအတိုင်း ထိန်းသိမ်းခဲ့သော ပင်မဗုဒ္ဓဘာသာ ဖြစ်၏။

ခေတ်နှင့်အညီ ပတ်ဝန်းကျင်နှင့်အညီ လိုလျှင်လိုသလို မလိုလျှင် မလိုသလို ပြင်ဆင်ဖြည့်စွက် နုတ်ပယ်လိုကြသော ရဟန်းဆိုးများကို ဒုတိယ သင်္ဂါယနာပွဲ၌ ပထမဦးစွာ ကမ္မဝါစာဖတ်၍ ထုပ်ပယ်ခဲ့ ပါသည်။ အသောကခေတ်၌လည်း ပရဝါဒီအဖြစ် မေးမြန်းစိစစ်၍ ထပ်မံ ပယ်ထုတ်ခဲ့သေးသည်။

သာသနာနှစ် ၆၀၀ ခန့်တွင် ဤသို့ပယ်ထုတ်ခံရသော ရဟန်းဆိုးများမှာ ပြန်လည် အင်အားကောင်းလာသည်။ ထိုအခါ ထေရဝါဒရဟန်းများသည် အိန္ဒိယတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်၌သာ အနည်းငယ် ကြွင်းကျန်တော့၏။ မကြာခင် အိန္ဒိယကစ်ပြည်လုံးကို အတက်၌ နှင်ထုတ်ခံရသော ရဟန်းဆိုးအများစုက လွှမ်းမိုးသွားခဲ့လေပြီ

မဟာယာန အတွေးအခေါ် အယူအဆသစ်များသည် သာသနာနှစ် အနှစ် ၆၀၀ ခန့်မှစ၍ တဖြည်းဖြည်း ပေါ်ပေါက်လာခဲ့သည်ဟု ဆိုခဲ့ပြီဖြစ်သည်။ ထိုအချိန်မှစ၍ မဟာယာနနှင့် ဟီနယာနဝါဒချင်း ငြင်းခုံဆွေးနွေးမှုများမှာ အထက်ပါ နှင်ထုတ်ခံရသော ရဟန်းများအချင်းချင်း ဖြစ်ခဲ့ကြ၏။

ထေရဝါဒ ပင်မဗုဒ္ဓသာသနာတော်ကြီးနှင့် တစ်စုံတစ်ရာ ပသက်ဆိုင်တော့ချေ။ အကြောင်းမှု တတိယ သင်္ဂါယနာတင်ခေတ်က အပြတ် စာရင်းရှင်းပြီးဖြစ်၍ ဖြစ်သည်။

မဟာယာန (ဘုရားလောင်း) လမ်းစဉ်နှင့် ဟီနယာန (သာဝက) လမ်းစဉ်ကို ငြင်းခုံခြင်းသည် နှင်ထုတ်ခံရသော ရဟန်းဂိုဏ်းများအချင်းချင်း ဖြစ်ကြသည်။ မဟာယာန ဝါဒသစ်ကို လက်မခံသော ဂိုဏ်းသားအချို့ကို ဟီနယာနဟု ခေါ်၏။

မဟာယာန နှင့် ဟီနယာနဂိုဏ်း ကွဲချိန်၌ ထေရဝါဒမှာ အိန္ဒိယတွင် မရှိတော့ဘဲ သီဟိုဠ်နှင့် သုဝဏ္ဏဘုမ္မိ၌သာ ထိုပြည့်၌သာ ကျန်တော့၏။ မဟာယာန၊ ဟီနယာန၊ အမည်များသည် ထေရဝါဒဗုဒ္ဓဘာသာနှင့် တတိယ သင်္ဂါယနာတင်စဉ်ကပင် လမ်းခွဲခဲ့ပြီးဖြစ်၍ ထေရဝါဒနှင့် လုံးဝ မသက်ဆိုင်တော့ပေ။ ဤအကြောင်းကို သေချာစွာ မသိသူများက ထေရဝါဒကို ဟီနယာနဟု လွဲမှားခေါ်နေကြခြင်း ဖြစ်သည်။

| ထေရဝါဒ–မဟာယာနဗုဒ္ဓဘာသာခြားနားချက်အချုပ်<br>(အနောက်တိုင်းသားတို့၏အမြင်အရ) |
|---|

(၁) **ဘုရား–** ထေရဝါဒဗုဒ္ဓဘာသာဝင်များက ဘုရားကို သာမန်လူသားဘဝမှ ကျင့်ကြံအားထုတ်ရာက နိဗ္ဗာန်လမ်းသို့ ထွက်ပေါက်တွေ့သွားသူ လမ်းပြပေးနိုင်သူဟု မြင်ကြသည်။
မဟာယာနဗုဒ္ဓဘာသာဝင်များအလိုအရ ဘုရားသည် တန်ခိုးတော်အနန္တနှင့် ပြည့်စုံ၍ အစဉ်သဖြင့် တည်မြဲလျက်ရှိနေသည်ဟု ဆိုသည်။

(၂) **ဗောဓိသတ္တ–** မဟာယာနတို့၏အလိုအရ ဗောဓိသတ္တဘုရားလောင်းဟူသည် နိဗ္ဗာန်သို့ဝင်နိုင်သော စွမ်းရည်ရှိပြီးပေမဲ့ မဝင်သေးဘဲ လူသားတို့ကိုကယ်တင်ရန် လူ့ပြည်သို့ ဝင်စားသည်။ အထူးသဖြင့် အလောကိတေသာရ ဘုရားလောင်းမှာ မေတ္တာဂရုဏာ ကြီးမားလွန်းလှသည်။

(၃) **ဘုရားရှိခိုး–** မဟာယာနဗုဒ္ဓဘာသာဝင်များက နိဗ္ဗာန်ရောက်ကြောင်း တရားမှာ ကောင်းသောအပြုအမူ များထက် ဘုရားအပေါ်ယုံကြည်ခြင်း လေးစားခြင်းတို့အပေါ် မူတည်သည်။ သို့ကြောင့် ဘုရားရှိခိုးခြင်းကို အထူးဦးစားပေးသည်။

(၄) **နိဗ္ဗာန်အပေါ်အယူအဆ–** ထေရဝါဒဗုဒ္ဓဘာသာဝင်များက နိဗ္ဗာန်ကို ဆင်းရဲဒုက္ခအပေါင်းမှ ကင်းဝေးရာ နေရာဟု မြင်ကြသည်။ မဟာယာန ဗုဒ္ဓဘာသာဝင်များက ပျော်စရာအတိ ဖြစ်နေသောဌာနဟု မြင်သည်။
(Religions In 4 Dmensions Walter Kaufmann စာအုပ်မှ)



www.burmeseclassic.com

www.burmeseclassic.com

## မဟာယာန ဗုဒ္ဓဘာသာ မူရင်းကျမ်းစာများ

မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် မူရင်းသဿဿမှာ ဘာသာ SANSKRIT ဖြင့် ရေးသားထားသော ကျမ်းများသည် အလွန်ရှားပါးလျက်ရှိ၏။ ဘာ္ဒ အရေ့ဘာသပ်ပိုင်း ဒေသများနှင့် တရုတ်နှင့် တိဘက်ဘာသာများဖြင့် ထပ်ဆင့် ဘာသာပြန်ဆိုထားသော ကျမ်းများကိုသာ ယခုခေတ်တွင် ဖတ်မှုရှိပ်သည်။

ဤကျမ်းများကို အတွေးအခေါ်နှင့် သက်ဆိုင်သော မူရင်းကျမ်းများနှင့် အများပြည်သူနှင့် သက်ဆိုင်သော ကျမ်းများဟူ၍ နှစ်ပိုင်းခွဲခြားလို့ရပါသည်။

ယင်းတို့အနက် အဓိကကျသော ကျမ်းစာအချို့မှာ အောက်ပါတို့ဖြစ်ကြပါသည်။

### (၁) ပညာပါရမီတာကျမ်း PRAJNA PARAMITA

ကျမ်းစု Perfection of wisdom ဉာဏ်ရည် ပိုမိုထက်သန်အောင် ညွှန်ပြပေးသော ကျမ်းစာများဟု အဓိပ္ပါယ်ရ၏။

ဗုဒ္ဓ၏ ဟောကြားခဲ့သော တရားတော်များကို အကျယ်ဖွင့်ဆိုပေးသော ကျမ်းများဖြစ်၏ မူရင်းကျမ်း၌ စာလုံးဝရ ၃၂ လုံးထိပါသော စာပုဒ်များဖြင့် ရေးသားထားသော စာပုဒ်ပေါင်း ၈,၀၀၀ ရှိ၏၊

အဆိုပါကျမ်းကိုပင် စာပုဒ်ပေါင်း ၁၀၀,၀၀၀ ဖြင့် ထပ်မံချဲ့ဆိုထားသော ကျမ်းလည်းရှိ၏။ စာပုဒ်ပေါင်း ၂၅,၀၀၀ စာပုဒ်ပေါင်း ၇၀၀ စာပုဒ်ပေါင်း ၁၅၀ နှင့် စာမကျပ်း အနည်းငယ်သာ ရှိသော ကျမ်းများကိုလည်း ထပ်မံရေးသား ပြုစုထားရှိ၏။

ဤကျမ်းစာအုပ်ကို ပထမရာစုခေတ်က ရေးသားပြုစုခဲ့ဟန်ရှိသည်၊ ဒုတိယရာစုခေတ်တွင် တရုတ်ဘာသာသို့ ပြန်ဆိုနိုင်ပြီဖြစ်သောကြောင့် ဖြစ်၏။ ဤကျမ်းကို တရုတ်ဘာသာသို့ တရုတ်ရဟန်းတော် YUEH CHIH ယုချေ က အေဒီ ၁၇၂ ခုနှစ်က ပထမဆုံး ပြန်ဆိုရေးသားခဲ့သည်။

### (၂) MADHYAMILKA ကျမ်းစာများ မဇ္ဈိမိကသုံညဝါဒ ? ကျမ်း

အလယ်အလတ်တန်းစဉ်ဟု အဓိပ္ပါယ်ဖွင့်၍ ရသောကျမ်းများဖြစ်၏။ အိန္ဒိယနိုင်ငံမှ တွေးခေါ်ပညာရှင် ရဟန်းတော် NAGARJUNA နာဂအဇ္ဇုနနှင့် သူ၏တပည့် ARYADEVA အာယဒေဝ တို့ ပြုစုခဲ့သော ကျမ်းစုဖြစ်သည်။

ဤကျမ်းများကို တရုတ်ဘာသာသို့ သက္ကရာဇ် ၄၀၂ – ၀၅ ကာလက ပြန်ဆိုရေးသားနိုင်ခဲ့၏။

ဤကျမ်းစာများကြောင့် မဇ္ဈိမိက စနစ်ဆိုပြီး ပေါ်ပေါက်ခဲ့ရသည်။

### (၃) AVATRAMSAKA –SUTRA (: အဝဋံသက သုတ်များ)

ကြီးမြတ်၍ ကျယ်ပြန့်သော ဗုဒ္ဓမှတ်ရေးဆိုင်ရာ သုတ်များဟု အဓိပ္ပါယ်ကောက်လို့ရ၏။

ဗောဓိသတ္တဘုရားအလောင်းတော် အဆင့် ဆယ်ဆင့်ရှိပုံကို ရှင်းပြ၏။ တရုတ်ဘာသာဖြင့် AD ၄၁၈–၄၂၀ ၌ ပြည်စုံစွာ ပြန်ဆိုရေးသား ထားရှိ၏။

### SADDHARMAPUNDARIKI –AUTRA ( သဒ္ဓမ္မပုဏ္ဍရိကသုတ် )

ကြာပန်းသုတ္တန် LOTUS SUTRA ဟု လူသိများသည်။ TENDAI တင်နိုင်ဂိုဏ်း (တရုတ် T'IEN - TAI တင်တိုင်ဂိုဏ်း) အဓိကအားပြုသော သုတ္တန်ဒေသနာ ဖြစ်၏။ ၁၃ ရာစုခေတ် နောက်ပိုင်း၌ ဤဂိုဏ်းသည် ဂျပန်နိုင်ငံ၌ NICHIREN နိချိရင်ဂိုဏ်း အဖြစ်ကျော်ကြားလာသည်။

### (၄) SUKHAVATI –VYUHA– SUTRA သုခဝတီ ဗျူဟာသုတ်

PURE LAND SUTRA သန့်စင်သောမြေနှင့် သက်ဆိုင်သောသုတ် ဟု လူသိများ၏။ ဒုတိယရာစုခေတ်လောက်က တရုတ်ဘာသာဖြင့် ပြန်ဆိုပြီးရှိ၏။ အနောက်ဖက်ရှိ နိဗ္ဗာန် (သန့်စင်သောမြေ) ကို အစိုးရသော အမိတာဘ ဘုရားအကြောင်း ဖွင့်ဆိုထားသောကျမ်း ဖြစ်သည်။

### (၅) အခြားမဟာယာနကျမ်းများ အမျိုးစုံရှိသေး၏။

ယင်းတို့အနက် ဆရာတော် ASVAGHOSA အဿဃောသ ပြုစုသောကျမ်းများမှာ ထင်ရှား၏။ ဘုရားရှင်နှင့် စပ်ဆိုင်သော ဓာတ်တော်ကြီး များ ဗုဒ္ဓဘဝဖြစ်စဉ် တရားထိုင်နည်းများ စသည်ဖြင့် ရေးသားထားသော ကျမ်းများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# မဟာယာန ဗုဒ္ဓဘာသာ ရှေးဟောင်း ကျမ်းစာအုပ်များ

ယနေ့ ကမ္ဘာတွင် ရှေးဟောင်း စာအုပ်စာတမ်းများကို များစွာ တန်ဖိုးထားကြသည်။ ငွေကို သန်းနှင့်ချီပေးပြီး အရောင်းအဝယ် ပြုလုပ်လေ့ရှိကြသည်။ ဥပမာ သမ္မာကျမ်းစာ အဟောင်းများ ကိုရမ်ကျမ်းမြတ်- ရှေးလက်ရာများကို ငွေကိုကောင်ရိုပုံပေးပြီး ရောင်းဝယ် တတ်ကြသည်။

ဗုဒ္ဓဘာသာကျမ်းစာများကိုတော့ ဤသို့အရောင်းအဝယ်ပြုကြသည်ကို မမြင်ရမကြားရသေးပါ။ သို့သော် ကမ္ဘာတစ်ဝှမ်းလုံးမှ ပြတိုက်ကြီးများက တိုးတိုးတိတ်တိတ် ဝယ်ယူသိမ်းဆီးနေကြပါသည်။

ယင်းတို့အနက် ဗြိတိသျှ သမိုင်းပြတိုက်ကြီးသို့ ရောက်နေသော မဟာယာနဗုဒ္ဓဘာသာ ကျမ်းစာအချို့ကို နမူနာအဖြစ် ဖော်ပြပါသည်။ မြန်မာနိုင်ငံမှ ဗုဒ္ဓကျမ်းစာအဟောင်းများ ပုရပိုက်များကို မပျောက်ပျက်အောင် ထိန်းသိမ်းကြဖို့သင့်ကြောင်း၊ ပိပိတို့ကိုယ်တိုင် ထိန်းသိမ်းနိုင်ခြင်းမရှိပါက သက်ဆိုင်ရာ ပြတိုက်များသို့ လှူဒါန်းဖို့သင့်ကြောင်း တင်ပြလိုခြင်း ဖြစ်ပါသည်။

၁၉၈၀ ခုနှစ်က ဒေါ်လာ ၂ သန်းစီပေးပြီး အမေရိကန်နိုင်ငံ ပြတိုက်တစ်ခုမှ ဝယ်ယူသွားသော


- ကိုရမ်ကျမ်း ၁၃၀၄ လက်ရာ
- The Golden Haggadh ဟီဘရူး (ဂျူး) လူမျိုးတို့၏ ကျမ်းစာ ၁၃၂၀ ခုနှစ်လက်ရာ
- The Diamond Sutra တရုတ်နိုင်ငံ ရှေးအကျဆုံး ဗုဒ္ဓကျမ်းစာ တရုတ်နိုင်ငံ ဒန်ဟောင်းဂူဘုရားတွင်းမှ ၁၉၀၇ ခုနှစ်က တူးဖော်ရရှိခဲ့သည်။

**The Diamond Sūtra**





**Sultan Baybars' Qur'ān**



**The Golden Haggadah**



www.burmeseclassic.com

www.burmeseclassic.com





Perfection of windom ဂျပန်ကျမ်းစာအုပ်
မျက်နှာဖုံး - နာရာမြို့ ၁၃၈၃ ခုနှစ်

- ခိုတန်ဒေသ ဂုတ္တဘာသာဖြင့် ရေးသားထားသော ကျမ်းစာ ဒန်ဟောင်းဒေသ ၈ - ၁၀ ရာစုခေတ်



www.burmeseclassic.com


www.burmeseclassic.com



The perfection of windom
တိဘက်နိုင်ငံ မူရင်းကျမ်းစာ (၁၇ ရာစုခေတ်)

အထက်ပါကျမ်းကို စာပုဒ်ပေါင်း ၁၀၀,၀၀၀ ဖြင့် အကျယ်ချဲ့ထားသော တရုတ်ဘာသာဖြင့် ကျမ်းစာ


စိန်သွားကဲ့သို့ထက်သော သုတ္တန် ဒန်ဟောင်း ၉-၁၀ ရာစုခေတ်တရုတ်ပြည်
The diamind Cutter Perfection of windom 




www.burmeseclassic.com

www.burmeseclassic.com

ကြာပန်းသုတ္တန် The Lotus of the Good Law မူရင်း ပါကစ္စတန်နိုင်ငံ ၆ - ၇ ရာစု ခေတ်တော်မှ ပြန်လည်တူးဖော်ရရှိသော ကျမ်းစာနှင့် တရုတ်ဘာသာပြန် ၉- ၁၀ ရာစုခေတ် (ဒန်ဟန်း) ဗောဓိသတ္တ၏ လမ်းစဉ်ကို ပြသထားသော ကျမ်းစုဖြစ်၏။




瑠車璖馬瑙
珊瑚琥珀珠
等寶入於大海
假使黑風吹
其船舫飄墮羅
刹鬼國其中
若有乃至一人
稱觀世音菩薩
名者是諸人等
皆得解脫羅刹
之難以是因緣

www.burmeseclassic.com




**The Gem-heap Sūtras**

China, from Dunhuang, Gansu province, 8th century AD

ရတနာပုံ သုတ္တန်များ = ရှေးအကျဆုံး မဟာယာန ကျမ်းစာ
ဤကျမ်းစာကို ၂ ရာစုခေတ် မတိုင်မီကာလက ပညာရှင် ၄၉ ဦး စုပေါင်း ရေးသားခဲ့ကြသည်။
တရုတ်ဘာသာသို့ အေဒီ ၂၆၅ – ၃၁၆ ကာလတွင် ပြန်ဆို ပြီးစီးသည်။
ရုပ်ပုံမှာ တရုတ်ဘာသာဖြင့် ပိုးသားပေါ် ရေးသားထားသော သုတ္တန် ဖြစ်၏။
ဓာတ်သတ္တ ဘုရားလောင်း၏ ကျင့်စဉ်ကို ဖေါ်ပြထားသော ကျမ်းစာဖြစ်သည်။

ရွှေအလင်းရောင်သုတ္တန် Sutra of Golden Light –
တစ္ဆေ သူရဲများ ဘေးအန္တရာယ်မှ ကင်းဝေးစေပြီး မိမိတောင့်တသော ဆုကို ရစေသော သုတ္တန် ဖြစ်၏။




**Sūtra of Golden Light** ၂၀

Found near Khotan, Xinjiang province, China. 7th–8th century AD


www.burmeseclassic.com

www.burmeseclassic.com




ဘုရင်ဆယ်ပါးသုတ္တန် TEN KINGS SUTRA
၁၀ ရာစုခေတ် စက္ကူပေါ် ရေးဆွဲထားသော ပန်းချီ
ဘုရင်များက စားပွဲပေါ်ထိုင်ပြီး တရားစီရင် ပေးကြသည်။ မှတ်တမ်းစာရေးတွေက ဘုရင်အနီးတွင် ရှိကြသည်။ လူ့ဘဝမှ ကွယ်လွန်ခဲ့သူများကို စီစစ်၍ အပြစ်ပေးသင့်သူတွေ၊ကို ပေးပြီး ချီးမြှောက်သင့်သူတွေကို ချီးမြှောက် ဆုပေးနေဟန်

တရုတ်ဗုဒ္ဓဘာသာ တီယင်တိုင်ဂိုဏ်း TIANTAI
လူတိုင်းလူတိုင်း ကျင့်လျှင် ဗုဒ္ဓမြတ်စွာအဆင့် ကို ရစေနိုင်မည်ဆိုသော သုတ်တော်


恐不成今捨若到安心空見如槁地淪惣集
我身心終不動若空見間雜捨此一專精念
念流入又空見擾動不能安一至識機悔息
二禁緣一切種智不用者无明未破捨觀空
見法性現前對治進勇不證不休如是對治
助開涅槃深識位次不濫上地內外風塵不
能破壞順道法愛不生故无頂墮心心寂滅
流入薩婆若海乘一大車遊於四方直至道
場成等正覺餘如上說云云
摩訶止觀卷第十
仁安四年六月廿三日書寫訖
執筆權律師隆敎


www.burmeseclassic.com

www.burmeseclassic.com



သုတ္တန်မဟုတ်သော အခြားမဟာယာန ဗုဒ္ဓဘာသာဝင်များအကြား ထင်ရှားသော ကျမ်းစာများ

ဘုရားရှိခိုး အပုဒ် ၁၅၀ (တရုတ်ပြည် အေဒီ ၅ - ၆ ရာစု) ဘုရားကို ချီးမွမ်းထားသော ဂါထာများ ဖြစ်၏။



အလောကိတေသရ ဘုရားအား ချီးမွမ်းထားသော အဖွင့်ကျမ်း (အရှေ့အိန္ဒိယ)
၆ - ၉ ရာစုခေတ်မှ ပေါ်လာသော ကျမ်းဖြစ်၏၊ ခေတ်နောက်ကျသော ကျမ်းစု ဟု ဆိုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ရှေ့၌ မိမိပြုလုပ်မိခဲ့သော ပြစ်မှုများကို ဝန်ချတောင်းပန်နည်းပညာ စာအုပ် (၁၃၆၈–၁၆၄၄)

ဗုဒ္ဓိသတ္တ ကွမ်ရင်မယ်တော်က လူသားတို့ကို ငရဲမှ ကယ်တင်နေပုံ စာအုပ်အတွင်း မျက်နှာဖုံး





www.burmeseclassic.com

www.burmeseclassic.com

## ရှေးကျသော တရုတ်နိုင်ငံမှ ဗုဒ္ဓဘာသာ စာအုပ်များ



အမိတာဘုရား ၁၀ ရာစုခေတ်



အလောကိတေသွရ ဘုရားလောင်း





မဉ္ဇူသီရိ ဘုရားလောင်း ၁၃၆၈ – ၁၆၄၄ ပုံနှိပ်နည်း ကျမ်းစာအုပ်များ




www.burmeseclassic.com

အဝလောကိတေသွရ ဘုရားလောင်းအား
ပူဇော်ပသနည်းကျမ်းစာ (အေဒီ ၁၀ ရာစုခေတ်)
ဤကျမ်းကို မဟာယာနဗုဒ္ဓဘာသာဝင်များ
နံနက်တိုင်း အကြိမ် ၁,၀၀၀ ပြည့်အောင်
ရွတ်ဆိုလေ့ရှိကြသည်။ ↓

တရုတ်-တိဘက် ကျမ်းစာစု →








www.burmeseclassic.com

www.burmeseclassic.com

## မဟာယာနဗုဒ္ဓဘာသာဝင်များ ကိုးကွယ်သည့်ဘုရားများ

မဟာယာန ဗုဒ္ဓဘာသာဝင်တို့၏ အယူအဆအရ အထက်မိုးကောင်းကင်ပေါ်၌ တန်းခိုးတော်အနန္တနှင့် ပြည့်စုံသော ဘုရားကြီးဦးဆောင်သော ဘုရားအများ ရှိ၏။ သို့ကြောင့် ဘုရားပုံသဏ္ဌာန်မျိုးစုံကို ထုလုပ် ကိုးကွယ်လေ့ ရှိကြသည်။ သူတို့ဘုရားကျောင်းတွင်းကို ဝင်သွားလျှင် ဘုရားအများကို တစ်ပြိုင်တည်း ဖူးတွေ့ရကြမည် ဖြစ်သည်။ မြန်မာနိုင်ငံတို့ကဲ့သို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင် နိုင်ငံများမှာလို ဘုရားတစ်ဆူ ရုပ်ပွားများဖြစ်ရလျက်ရှိသော ပုံတော်မျိုး မဟုတ်ပါ။ ဘုရားအပြိုင်ဖြစ်နေကြသည်။ ဤဘုရားများ၏သဘောကို နားလည်ရန် စာရေးသူသည် နိုင်ငံခြားစာအုပ်အဆော်များများကို ကြိုးစားဖတ်ရှုယူရသည်။ (ကာလီဖလင်းပြို့ (U.S.A) မှ ဟီဗက်နိုင်ငံ Anthropology ဘာသာရပ်ပါရဂူ ဒေါက်တာဂိုးစတိန်း Dr Melvyn C Goldstcin ထံ ဆည်းကပ်၍ မေးမြန်းခဲ့ရသည်။ စုဆောင်းရရှိသော အဖြေကို အောက်တွင်အကျဉ်းချုံး၍ ဖော်ပြပါသည်။)

### အမိတာဘာဘုရား တရုတ်အသံ OMI TO FU အိုမိတိုဖူ
### ဂျပန်– အမိတာဘုရား

မဟာယာန ဗုဒ္ဓဘာသာအလိုအရ ဒီပင်္ကရာဘုရားက စတင်၍ ရေတွက်လျှင် လောကေဿဝရ– ရာဇဘုရား (LOKE SVA RARAGA) ထံ ဘုရားပေါင်း ၈၁ ဆူ ပွင့်တော်မူခဲ့ပြီး ဖြစ်သည်။

ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်၌ ရဟန်းငယ်တစ်ပါးက တစ်နေ့ကျလျှင် ဗုဒ္ဓဖြစ်လိုကြောင်း ဆုပန်သည်။ သူ၏ဆုတောင်းထဲတွင် သူသာ ဘုရားဘဝရမှဲ့သော် ကမ္ဘာအရပ် ၁၀ မျက်နှာမှ လူသားအားလုံးကို (အပြစ်ကြီး ၅ ခုကို ကျူးလွန်မိသူများကလွဲလျှင်) သူတာဝန်ယူရမည့် ပြည်နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်ပေးပါမည်ဟု ကတိကဝတ် ပြုခဲ့၏။

သို့ကြောင့် သူ ဘုရားဘဝကိုရောက်ရှိသောအခါ လူသားတို့အပေါ် စေတနာအရှိဆုံး ဗုဒ္ဓ ဖြစ်လာခဲ့သည်။ သူ့ညာလက်ရုံးက တရုတ်အခေါ် – တာရှီချေ TA SHIA CHIN (ဂျပန်အခေါ် – ဆိုင်ရှိ SEISHI) ဖြစ်၏။ ဉာဏ်ပညာအရာ နှင့် ခွန်အားဗလအရာ၌ အားကိုးလောက်၏။ ဘယ်လက်ရုံး သူ၏ကိုယ်ပွားက တရုတ်အခေါ် ကွမ်ရင်မယ်တော် (ဂျပန်အခေါ် ကွမ်နွန် KWAN NON) ဆိုသူ ဖြစ်၏။ သူမက လူသားတို့အပေါ် မေတ္တာစေတနာထားရာတွင် ထူးခြား၏။

သို့ကြောင့် ဂျပန်ဘုရား၊ တရုတ်ဘုရားကျောင်းတို့တွင် အမိတာဘာဘုရား နှင့် ကိုယ်ပွားနှစ်ဆူကို လည်း ရုပ်ထုပြီး ကိုးကွယ်လေ့ရှိကြသည်။ ဂျပန်နိုင်ငံ၌ အကြီးဆုံး ရုပ်ပွားတော် ကမာကုရမြို့မှ ဆင်းတုတော်မှာ ဤအမိတာဘုရားကို ရည်မှန်းပြီး သွန်းလုပ်ထားခြင်းဖြစ်သည်။ သူ့ကိုအာရုံပြုပြီး ရှိခိုးပူဇော်ကြသူတိုင်းက ဤဘုရား တာဝန်ယူရသော အနောက်ပြည်နိဗ္ဗာန်သို့ ရောက်ကြလိမ့်မည်ဟု ယူဆကြပါသည်။

---

## ကြာပန်း

မြင့်မြတ်ခြင်းနှင့် သန့်ရှင်းခြင်း အဓိပ္ပါယ်ဆောင်သည်။ အမိတာဘုရားကို ယုံကြည်သူ မဟာယာန ဗုဒ္ဓဘာသာဝင်များအတွက် တရားထိုင်ခြင်း နှင့် အမြင့်ဆုံးတရား သဘောပေါက်ခြင်းတို့၏ အမှတ်တံဆိပ် ဖြစ်၏။

## ကြာပန်းအနေအထား

တရားထိုင်သည့်အခါ ယှိုင်သော တင်ပလ္လင်ခွေပုံစံ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဝင်များ ကျင့်စဉ် ယောဂ YOGA အနေအထားဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



BUDDHIST TRINITY

အစိကဘုရားကြီးသုံးဆူ

**ယာဖက်**
ဂျပန် = Seishi မိုင်ရှိ
ပညာတန်ခိုးရှင်
တရုတ် = တိုရှိချ် ဘုရား
TO SHIH CHIH

**အလယ်**
ဂျပန်
အမိတာဘုရားကြီး = ကမကုရာဘုရားကြီး
တရုတ် = အမိတာဘာ
(O MI TU FU)

**ဝဲဖက်**
ဂျပန်ကွမ်နွန် (ကိုယ်ပွားဘုရား)
တရုတ်ကွမ်ရင်
မေတ္တာရှင်မယ်တော်



www.burmeseclassic.com

www.burmeseclassic.com

## အခြားတစ်နည်း၊
## အမိတာဘာဘုရားနှင့်သုခဝတီအနောက်နိဗ္ဗာန်ပြည်

တရုတ်ပြည်သို့ ဗုဒ္ဓဘာသာရောက်လာသည်မှာ သာသနာ ၆၀၀ ကျော်ကျင်ဖြစ်၏။ ထိုအခါ အိန္ဒိယပြည် မြောက်ပိုင်းအရပ် အနောက်မြောက်အရပ် ကနိသျှကမင်းလက်ထက်၌ ကျော်ကြားနေသော ဓမ္မသင်္ဂဟဝါဒ - ဘုရားလောင်းဝါဒ မဟာယာနဝါဒမျိုး ဖြစ်သည်။

အိန္ဒိယပြည်မှ ဗုဒ္ဓဘာသာသည် ကြားတိုင်းပြည်များကိုဖြတ်၍ တစ်ဖြည်းဖြည်းလာခဲ့ရာ ထိုဒေသအရပ်များရှိ ဘာသာအယူအမျိုးမျိုးတို့နှင့် ရောနှောပြုပြင်ပြောင်းလဲကာ တရုတ်ပြည်သို့ ရောက်လာလေသည်။

တရုတ်ပြည်သို့ရောက်သောအခါ ရှိရင်း မိရိုးဖလာဘာသာ၊ ကာအိုဘာသာ၊ ကွန်ဖြူးရှပ်ဘာသာ တို့နှင့် ရောနှောကာ ထပ်မံ ပြုပြင် ပြောင်းလဲသွားပြန်သည်။

ကနိသျှကမင်းတို့လက်ထက် ရှင်အသင်္ဃောသ က စခဲ့သော မဟာယာနဝါဒကို ရှင်နာဂအာရ္ဇုန (တရုတ်လို- လွန်ရှု) က ဆက်လက်ဆောင်ရွက် ကြီးကျယ်တိုးတက်ကာ သာသနာ ၉၀၀ အတွင်းခန့်တွင် ဂုဏ်တော်များဖြင့် ထင်ရှားသော ဘုရားတစ်ဆူအဖြစ် ကိုးကွယ်နိုင်ကြစေရန် အချုပ်အချာ ဘုရားတစ်ဆူဖြစ်သော "အမိတာဘာ" မည်သော ဘုရားကို တီထွင်ခဲ့လေသည်။ "အမိတာဘာ" မှာ အတိုင်းအရှည် အဆုံးမရှိသော အရောင်ရှိသော ဘုရား ဟု အဓိပ္ပါယ်ရသည်။

အမိတာဘာဘုရားမှာ တရုတ်ပြည်တွင် အထင်အရှားဆုံးသော ဘုရားတစ်ဆူ ဖြစ်သည်။ နိဗ္ဗာန်ဘုံဖြစ်သော သုခဝတီပြည်ကြီးတွင် တည်ရှိနေတော်မူသည်ဟု ယူဆကြသည်။ ဤအမိတာဘာဘုရားနှင့် သုခဝတီပြည်သည် တရုတ်ပြည် မဟာယာနတွင် အလွန် ထင်ရှား ကြီးကျယ်လေသည်။

ထိုသုခဝတီနိဗ္ဗာန်ဘုံရှိ ဘုရားကြီးမှာ လောကနှင့် တိုက်ရိုက် ဆက်ဆံခြင်းငှာ မကောင်းရကား ကြားတွင် ဆက်သွယ်ကယ်ဆယ်နိုင်ရန် "ဘုရားလောင်းများ" ထားရှိကြလေသည်။

ဤသို့နှင့် "အဝလောကိတေသွာရ" မည်သော ဘုရားလောင်းကို ထိုအမိတာဘာဘုရားကြီး၏ အနီးတွင် ချထားတည်ရှိစေသည်။ (အဝလောကိတေသွာရကို တရုတ်လို "ကွန်ယင်") ခေါ်သည်။

မဟာယာနအယူတွင် ဂေါတမဘုရားကို လူကဖြစ်သောဘုရားသာမဟုတ် သဘာဝတရား ပရမတ်ဘုရား အဖြစ်နှင့်လည်း ထားသည်။ ရှင်ဂေါတမအလျင်က မရေတွက်နိုင်သော ဘုရားများစွာ ရှိသည်။ ရှင်ဂေါတမသည်ပင်လျှင် ထိုကောင်းကင်ဘုံရှိ ပရမတ်ဘုရားအဖြစ်မှ လောကကိုကယ်မှုတ်ရန် သိဒ္ဓတ္ထမင်းသား လူဘုရား အဖြစ်နှင့် ရောက်လာခြင်းသာ ဖြစ်သည်။ လောကတွင်ကိစ္စပြီး၍ ပရိနိဗ္ဗာန်ပြုပြီးနောက် ကောင်းကင်ဘုံသို့ ပြန်ကြွသွားလေပြီဟု ယူဆကြသည်။

အမိတာဘာကို ကောင်းကင်ဘုံဘုရားတစ်ဆူအနေဖြင့် ကိုးကွယ်ကြ၍ ၎င်း၏ ရုပ်ပုံတော်ကို အလယ်ကဖြစ်စေ သကျမုနိ (ရှင်ဂေါတမ) ဘုရား၏ (ပြတ်သော) လက်ဝဲဖက်က ဖြစ်စေ ထားလေသည်။

အချို့က အမိတာဘာသည် လောကသို့ သကျမုနိဘုရားအဖြစ်နှင့် လာသည်။ အချို့က ဘုရားအားလုံးကို စုပေါင်းထားသောသဘော ပရမတ်ဘုရားဖြစ်သည် ဟုလည်း ယူဆကြသည်။



## သန့်ရှင်းသောမြေ-ဗုဒ္ဓဘာသာဂိုဏ်း
PURE LAND BUDDHISM

တရုတ်နှင့်ဂျပန်နိုင်ငံတို့၌ ထွန်းကားနေသောဂိုဏ်းဖြစ်၏။ အမိတာဘာ ဘုရားကြီးကို ကြည်ညိုအာရုံပြုခြင်းဖြင့် ကောင်းသောနေရာ ပြည်နိဗ္ဗာန်ကို တက်လှမ်းနိုင်မည်ဟု ယုံကြည်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခြားတစ်နည်း
## အမိတာဘာဘုရားနှင့်သုခဝတီအနောက်နိဗ္ဗာန်ပြည်

တရုတ်ပြည်သို့ ဗုဒ္ဓဘာသာရောက်လာသည်မှာ သာသနာ ၆၀၀ ကျော်တွင်ဖြစ်၏။ ထိုအခါ အိန္ဒိယပြည် မြောက်ပိုင်းအရပ် အနောက်မြောက်အရပ် ကနိဿကမင်းလက်ထက်၌ ကျော်ကြားနေသော ဗောဓိသတ္တဝါဒ - ဘုရားလောင်းဝါဒ မဟာယာနဝါဒမျိုး ဖြစ်သည်။

အိန္ဒိယပြည်မှ ဗုဒ္ဓဘာသာသည် ကြားတိုင်းပြည်များကိုဖြတ်၍ တစ်ပြည်းဖြည်းလာခဲ့ရာ ထိုဒေသအရပ်များရှိ ဘာသာအယူအမျိုးမျိုးတို့နှင့် ရောနှောပြုပြင်ပြောင်းလဲကာ တရုတ်ပြည်သို့ ရောက်လာလေသည်။

တရုတ်ပြည်သို့ရောက်သောအခါ ရှိရင်း မိရိုးဖလာဘာသာ၊ ကာအိုဘာသာ၊ ကွန်ဖြူးသျှဘာသာ တို့နှင့် ရောနှောကာ ထပ်မံ ပြုပြင် ပြောင်းလဲသွားပြန်သည်။

ကနိဿကမင်းတို့လက်ထက် ရှင်အဿဃောသ က စခဲ့သော မဟာယာနဝါဒကို ရှင်နာဂအဇ္ဈုန (တရုတ်လို- လွန်ရှု) က ဆက်လက်ဆောင်ရွက် ကြီးကျယ်တိုးတက်ကာ သာသနာ ၉၀၀ အတွင်းခန့်တွင် ဂုဏ်တော်များဖြင့် ထင်ရှားသော ဘုရားတစ်ဆူအဖြစ် ကိုးကွယ်နိုင်ကြစေရန် အချုပ်အချာဘုရားတစ်ဆူဖြစ်သော "အမိတာဘာ" မည်သော ဘုရားကို တီထွင်ခဲ့လေသည်။ "အမိတာဘာ" မှာ အတိုင်းအရှည် အဆုံးမရှိသော အရောင်ရှိသော ဘုရား ဟု အဓိပ္ပါယ်ရသည်။

အမိတာဘာဘုရားမှာ တရုတ်ပြည်တွင် အထင်အရှားဆုံးသော ဘုရားတစ်ဆူ ဖြစ်သည်။ နိဗ္ဗာန်ဘုံဖြစ်သော သုခဝတီပြည်ကြီးတွင် တည်ရှိနေတော်မူသည်ဟု ယူဆကြသည်။ ဤအမိတာဘာဘုရားနှင့် သုခဝတီပြည်သည် တရုတ်ပြည် မဟာယာနတွင် အလွန် ထင်ရှား ကြီးကျယ်လေသည်။

ထိုသုခဝတီနိဗ္ဗာန်ဘုံရှိ ဘုရားကြီးမှာ လောကနှင့် တိုက်ရိုက် ဆက်ဆံခြင်းငှာ မကောင်းရကား ကြားတွင် ဆက်သွယ်ကယ်ဆယ်နိုင်ရန် "ဘုရားလောင်းများ" ထားရှိကြလေသည်။

ဤသို့နှင့် "အဝလောကိတေသွာရ" မည်သော ဘုရားလောင်းကို ထိုအမိတာဘာဘုရားကြီး၏ အနီးတွင် ချထားတည်ရှိစေသည်။ (အဝလောကိတေသွာရကို တရုတ်လို "ကွန်ယင်") ခေါ်သည်။

မဟာယာနအယူတွင် ဂေါတမဘုရားကို လူကဖြစ်သောဘုရားသာမဟုတ် သဘောတရား ပရမတ်ဘုရား အဖြစ်နှင့်လည်း ထားသည်။ ရှင်ဂေါတမအလျင်က မရေတွက်နိုင်သော ဘုရားများစွာ ရှိသည်။ ရှင်ဂေါတမသည်ပင်လျှင် ထိုကောင်းကင်ဘုံရှိ ပရမတ်ဘုရားအဖြစ်မှ လောကကိုကယ်ချွတ်ရန် သိဒ္ဓတ္ထမင်းသား လူဘုရား အဖြစ်နှင့် ရောက်လာခြင်းသာ ဖြစ်သည်။ လောကတွင်ကိစ္စပြီး၍ ပရိနိဗ္ဗာန်ပြုပြီးနောက် ကောင်းကင်ဘုံသို့ ပြန်ကြွသွားလေပြီဟု ယူဆကြသည်။

အမိတာဘာကို ကောင်းကင်ဘုံဘုရားတစ်ဆူအနေဖြင့် ကိုးကွယ်ကြ၍ ၎င်း၏ ရုပ်ကိုတော်ကို အလယ်ကဖြစ်စေ သကျမုနိ (ရှင်ဂေါတမ) ဘုရား၏ (ပြတ်သော) လက်ဝဲဖက်က ဖြစ်စေ ထားလေသည်။

အချို့က အမိတာဘာသည် လောကသို့ သကျမုနိဘုရားအဖြစ်နှင့် လာသည်။ အချို့က ဘုရားအားလုံးကို စုပေါင်းထားသောသဘော ပရမတ်ဘုရားဖြစ်သည် ဟုလည်း ယူဆကြသည်။

---



### သန့်ရှင်းသောမြေ-ဗုဒ္ဓဘာသာဂိုဏ်း
### PURE LAND BUDDHISM

တရုတ်နှင့်ဂျပန်နိုင်ငံတို့၌ ထွန်းကားနေသောဂိုဏ်း ဖြစ်၏။ အမိတာဘာ ဘုရားကြီးတို့ ကြည်ညိုအာရုံပြုခြင်းဖြင့် ကောင်းသောနေရာ ပြည်နိဗ္ဗာန်ကို တက်လှမ်းနိုင်မည်ဟု ယုံကြည်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်နိုင်ငံတွင် မြို့ကြီးတိုင်း၌ ထင်ရှားလှသိမ်းပျားသော စကြာမုနိ ရုပ်ပွားတော် ၁၇၁၉ လက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တရုတ်လူမျိုးတို့ကိုးကွယ်လေ့ရှိသော ဘုရားစင်မှဘုရားများ

နောက်ဆုံးအတန်း၌ – စကြာမုနိ၊ အမိတာဘာ ဘုရားကြီးများ

ဒုတိယအတန်း – ကွမ်ရင် အလယ်–မဉ္ဇူသီရိ စသည့်ဘုရားလောင်းများ

တတိယတန်း – တီဆိုင်း

ရှေ့ဆုံးအတန်း အရိမေတ္တေယျ ဘုရားအလောင်းတော်နှင့်တဲ့သား

*The Upper Row:* THE CLASSICAL TRINITY GROUP OF BUDDHAS: BHAISAJYAGURU, SAKYAMUNI, AND AMITABHA WITH THE TWO LEADING DISCIPLES KASYAPA AND ANANDA.

*Next Row:* KUAN-YIN IN THE CENTER WITH MANJUSRI AND SAMANTABHADRA TO THE LEFT AND RIGHT.

*The Third Row:* TI-TS'ANG WITH HIS TWO MAIN DISCIPLES.

*The Fourth Row:* MAITREYA SURROUNDED BY THE GUARDIAN SPIRITS.



www.burmeseclassic.com

www.burmeseclassic.com






ကွမ်ရင်မယ်တော် = အိန္ဒိယနိုင်ငံ ဗောဓိသတ္တ အဝလောကိတေသရနှင့် တူညီသည်။ တရုတ် (ဂျပန် ကွမ်နွန်) တွင် အမျိုးသမီးအသွင် မေတ္တာ စေတနာရှင် အဖြစ် ကိုးကွယ် ကြသည်။ ပြဿနာ အခက်ခဲရှိတိုင်း အကူအညီ ပေးလေ့ရှိသည်။ သူမ၏ ကောင်းမှု ကယ်တင်မှုတို့သည် ကွန်ဖြူစီးနှင့် တာအို အယူဝါဒများနှင့်လည်း ဆက်စပ်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဈာနီဘုရားများ

အမိတာဘာ = အနန္တအရောင်အလင်းရှိသော ဘုရား

တရုတ်နိုင်ငံ ဂျပန်နိုင်ငံတို့၌ ကိုးကွယ်သော ဈာနီဗုဒ္ဓ ၆ ပါးတွင် အထင်ရှားဆုံး ဘုရားဖြစ်၏။ ဈာနီ DHYANI ဗုဒ္ဓခြောက်ပါးတို့မှာ

(၁) ဝေရောစန = ရောင်ခြည်တော်ဖြင့် တင့်တယ်သောဘုရား (ကြောမုနိ)
(၂) အက္ခောဘ = မတုန်လှုပ် မချောက်ချားသော ဘုရား AKSOBHYA
(၃) ရတနာသမ္ဘဝ = ရတနာကျောက်မှ ပေါ်ထွက်သောဘုရား၊ RATNASAM BHAVA
(၄) အမိတာဘာ = အနန္တ အရောင်အလင်းရှိသော ဘုရား
(၅) အမောဃသိဒ္ဓိ = မရှုံးနိုင်၊ အမြဲရှုံအောင်သောဘုရား၊ AMOGHASIDDHI
(၆) ဝဇိရသတ္တ = ဝဇိရနိုင်လက်နက် စွဲကိုင်သောဘုရား တို့ ဖြစ်ကြသည်။

(ဘုရားအမှတ်စဉ် ၂ မှ ၆ တို့သည် ဘုရားကြီး အမှတ် ၁ ကြောမုနိ ၏ အဓိကကိုယ်ပွါးများ ဖြစ်သည်ဟုလည်း အယူရှိသည်။)

ဤဘုရားကြီးတို့သည် နောက်တွင် ဖော်ပြထားသော ဘုရားလောင်း ၆ ပါးတို့၏ ဖခမည်းတော်များ ဖြစ်ကြသည်။

* ဆင္ဒမဗြောက် ဝဇိရသတ္တ ဘုရားကို နီပေါပြည်၌ အဓိကထားပြီး ကိုးကွယ်ကြသည်။

* အမိတာဘာနှင့် ဝေရောစန ဘုရားနှစ်ဆူကို ဂျပန်ပြည်နှင့် တရုတ်ပြည်တွင် ကိုးကွယ်သူ ပေါများ၏။ အဆိုပါ ဈာနီဗုဒ္ဓဘုရားများသည် ပါဠိမြင့်ကျင့်ရန် မလိုချေ။ မူလအလုံအလျောက် ဘုရားဖြစ်ပြီး၍ အာဒိဗုဒ္ဓ မည်၏၊ လူပြည်ကို တရားဟော ဆင်းကြွခြင်းမရှိ၊ မိမိကိုယ်စား သတ္တဝါတို့ကို ကယ်တင်ရန် ဘုရားလောင်းများကို စေလွှတ်ပေးသည်။

## ဈာနီဗုဒ္ဓ ၆ ပါးမှ မွေးဖွါးသောဘုရားလောင်း ၆ ပါး

(၁) သမန္တဘဒ္ဒ = ထက်ဝန်းကျင်မှ ကောင်းမြတ်သူ
(၂) ဝဇိရပါဏိ = ဝဇိရနိုင်ကိုင်သူ
(၃) ရတနာပါဏိ = ရတနာ (ကျောက်) ကိုင်စွဲသူ
(၄) ပဒုမပါဏိ = ပဒုမ္မာကြာကိုင်သူ
(၅) ဝိသွပါဏိ = ကမ္ဘာလောကစါတ်ကို ကိုင်ထားသူ
(၆) ဃဏ္ဍာပါဏိ = ခေါင်းလောင်းကိုင်သူ


ဘုရားလောင်း ၆ ပါးတို့သည် ဈာနီဗုဒ္ဓ ၆ ပါးမှ မွေးဖွားသည် (ဝါ) ဖန်ဆင်းစေလွှတ်သည်။

---

## ရင်–ယိုင်း YIN YANG

တရုတ်တို့၏အမြင်အရ ဤကမ္ဘာကြီးတွင် အဖိုအမ၊ အတိုက်အခံ အရာဝတ္ထု နှစ်ခုရှိသည်။ ယောကျ်ားကဲ့သို့တက်ကြွသော ယိုင်း YANG အဖိုဓါတ်ရှိသလို ပျော့ပြောင်းနူးညံ့သော အမဓါတ် ရင် လည်း တစ်ပြိုင်တည်း ရှိသည်။ တာအိုအတွေးအခေါ်အရ ဤကမ္ဘာ၌ ဖြစ်ရပ်အားလုံးသည် ဤထွဲအားနှစ်ဝုပေါ် မူတည်ပြီး ပြောင်းလဲဖြစ်ပျက်နေသည်။ တာအို အယူဝါဒကို လက်ခံသောသူများသည် ဤအတိုက်အခံ ဓါတ်နှစ်မျိုးအား အစွန်းမထွက်ရအောင် ထိန်းသိမ်း ကျော်လွှားနိုင်သည်။

အတွင်းအနက်က – ရင်
အပြင်အဖြူက – ယိုင်း



www.burmeseclassic.com

မဟာယာနဂိုဏ်း၏ဘုရားများကို ကမ္ဘာသက်တမ်းအပိုင်းအရ (Ages or Kalpas of the world) အောက်ပါအတိုင်း ခွဲခြားထားရှိပါသည်။

| | | |
|---|---|---|
| လွန်ခဲ့သော ကမ္ဘာ ၁၊ ၂၊ ၃ ကာလ | ၄ | ၅ |
| လွန်ခဲ့သောကာလများ | လက်ရှိကာလ | နောင်ဖြစ်လာမည့်ကာလ |
| တည်မြဲနေသော ဘုရားကြီး | အဝလောကိတေသွရဘုရား (တိဘက်အခေါ် **chenresi** ဘုရား) | |
| ဗောဓိသတ္တ ဘုရားလောင်း | အမိတာဘာဘုရား (ဉာဏ်ပညာအလင်းရောင် ပေးနိုင်သောဘုရား) တိဘက်အခေါ် **opame** ဘုရား | |
| လူ့ဘဝဝင်စား နေသောဘုရား အလောင်းတော် | ဂေါတမ သမိုင်းဝင်ဘုရား | အရိမေတ္တေယျ ဘုရားလောင်း |

ဒလိုင်လားမား - CHENRESI ဘုရားဝင်စားသူ
ပန်ချင်လားမား - OPAME ဘုရားဝင်စားသူ

## ကျောက်စိမ်းဧကရာဇ်ဘုရင်

တာအိုအယူဝါဒအရ အထက်တွင် - ကျောက်စိမ်းဧကရာဇ်ဘုရင် - ဘုရားကြီး ရှိသည်။ ဤဘုရားကြီးက လူသားတို့၏ အသက်ရှင်ရေး နှင့် သေဆုံးခြင်းတို့ကို အဆုံးအဖြတ် ပေးနေသည်။

ကိုးရာစုခေတ်က တရုတ်နိုင်ငံသို့ ကူးဝင်လာသော ဗုဒ္ဓဘာသာအား ယှဉ်ပြိုင်နိုင်ရန် တာအိုဘာသာဝင်တို့က တီထွင်ခဲ့သော ဘုရားကြီး ဖြစ်သည်။



Yu Huang, the Jade Emperor, is seen by Taoists as the chief member of the trinity of Three Pure Ones. He is the Supreme Master of the gods.



www.burmeseclassic.com

www.burmeseclassic.com





ပဒ္မပါဏိ

ပဒ္မာကြာကိုင်သော ဘုရားလောင်း (ရုပ်ထု ၂ မျိုး)

အမိတာဘာဘုရားကြီး၏ ကိုယ်ပွါး ဘုရားအလောင်းတော် ပေါမိသတ္တ

www.burmeseclassic.com


www.burmeseclassic.com
၄ ရာစုခေတ်ပန်းချီ (အနုဟန်)

* အမိတာဘာဘုရားက ထိပ်တွင်ရှိသည်။
* ရတနာသမ္ဘဝ ဘုရားက ဝဲဖက်
* အမောဃသိဒ္ဓိ ဘုရားက ယာဖက်
* အက္ခောဘ ဘုရားက အောက်ဖက်
* ဝေရောစန ဘုရားက အလယ် (စကြဝမုနိ) နေရာကို ယူကြသည်။

ဘုရားများအကြား၌- ဗောဓိသတ္တ ဘုရားလောင်းများ ရှိကြသည်။

စကြာမုနိဘုရား (အလယ်နေရာမှ)

ဈာနီဗုဒ္ဓ



ပဒုမပါဏိ ရုပ်ပွားတော်အမျိုးမျိုးမှ တစ်မျိုး




www.burmeseclassic.com

www.burmeseclassic.com

# မဟာယာနဗုဒ္ဓဘာသာ– လူသိများသော ဘုရားလောင်းနတ်သားများ

## ဗောဓိသတ္တ–ဘုရားလောင်းများ

စကြာမုနိဘုရားတွင် ရှေးဘဝများရှိခဲ့၏၊ ဘုရားလောင်းဘဝများ ဖြစ်၏၊ နောင်ပွင့်မည့်ဘုရားများ၊ ဘုရားလောင်း ဗောဓိသတ္တ ကိုယ်ပွါးများလည်း ရှိ၏၊

အရိမေတ္တေယျ ဘုရားလောင်းမှာ နောင်ပွင့်လာမည့် ဘုရားတစ်ဆူ ဖြစ်သည်ကို အစဉ်အဆက် ယူဆခဲ့ကြသည်၊ သို့သော် သက္ကရာဇ် ၁၀၀ စုခေတ် နောက်ပိုင်းတွင် ဗောဓိသတ္တ ဘုရားအလောင်းတော်တွေ အများကြီး ပေါ်ထွန်းလာခဲ့သည်။

အိန္ဒိယနိုင်ငံ ဟိန္ဒူဘာသာဝင်တို့၏ ဘုရားအများ ရှိသည်ဆိုသော အယူအဆ မှ ကူးစက်လာဟန်ရှိသည်။



လူဝဖြိုးနေပြီး အစဉ်ပြုံးနေသော ရဟန်းရုပ်ထုမှာ သမိုင်းပုံပြင်အမျိုးမျိုး ရှိသည်– စကြာမုနိဘုရားကြီး ပွင့်ပြီးသည့်နောက်ကာလ၌ သူ့ကို နောင်ပွင့်လာမည့် ဘုရားလောင်း၏ ဘဝတစ်ခုဟု ယူဆကြလေ့ရှိသည်။ ဤရုပ်ထုကို ဘုရားကျောင်း အဝင်ဝများ၌ ထားရှိလေ့ရှိသည်။ = အရိမေတ္တေယျ ဘုရားလောင်း

(၁) အရိမေတ္တေယျ ဘုရားလောင်း

ဂေါတမဘုရားရှင်၏ သာသနာတော် ကုန်လွန်ပြီးကာလ၌ နောင် ပွင့်တော်မူမည့် ဘုရားလောင်း

(၂) အဝလောကိတေသွရ ဘုရားလောင်း

အမိတာဘာဘုရားနှင့် ကြင်ယာတော် ပါဏ္ဍရာဘုရားမတို့မှ မွေးဖွားသော ဂရုဏာတရား၏ ရုပ်သွင်ဖြစ်၏။ သတ္တဝါများကို သနားငဲ့ညှာ၍ နိဗ္ဗာန်ကိုမယူဘဲနေကြောင်း ဖေါ်ပြထား၏။

ဂေါတမဘုရားနှင့် အရိမေတ္တေယျ ဘုရားနှစ်ဆူအကြား၌ ကြားကာလတွင် တာဝန်ယူ၍ သတ္တဝါတို့ကိုစောင့်ရှောက်၏။

လောကေသွရဘုရားလောင်း သိဟနာဒဘုရားလောင်း လောကနာထ ဘုရားလောင်း စသည် နာမည်အမျိုးမျိုးနှင့် ရုပ်သွင် ၁၀၈ မျိုး ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဟိန္ဒူ သိဝ မဟေသရ ဂိုဏ်းသားတို့အတွက် သူပင် အရှင်မဟေသရ ဖြစ်၏။ ဗိဿနိုး ဂိုဏ်းသားတို့အတွက် သူပင် ဗိဿနိုးဘုရား၊ ထောင်ကျနေသူတို့ အတွက် သူပင်ကယ်တင်နိုင်သူ ရဲကျနေသူတို့အတွက် သူပင်ကယ်တင်နိုင်သူ ဟု ယူဆကြသည်။

သူသည်ခရစ်တော်နှင့် တူမျှသည်ဟု အချို့သုတေသီ ပညာရှင်များက ယူဆကြသေးသည်။

အရှေ့ဖက်တရုတ်ပြည် ဂျပန်ပြည်များတွင် သူပင် ကွမ်ယင်-ကွမ်းနန် ဟူသော အမည်အမျိုးမျိုး ဖြင့် ထင်ရှား၏။

မဟာယာဉ်ဂိုဏ်း ပုဒ္ဓဘာသာအလိုအားဖြင့် ဘုရားတစ်ဆူနှင့် တစ်ဆူအကြား သူပင် ဂရုဏာမေတ္တာတော်ရှင် အနေနှင့် လောကကို အမြဲစောင့်ရှောက်တော်မူသော ဘုရားလောင်းတစ်ဆူ ဖြစ်၏။ ထိုဘုရားလောင်း ကိုပင် မြန်မာနိုင်ငံ သရေခေတ္တရာ ပုဂံ တို့၌ လောကနာထ အမည်နှင့် ပါစ်ခေတ်က ထင်ရှားခဲ့သော ဘုရားလောင်းဖြစ်ကြောင်း ပုဂံခေတ်ပန်းချီများ၌ တွေ့ရသည်။

အဝလောကိတေသရ ဘုရားလောင်း၏ ကိုယ်ပွါးတို့မှာ

* လောကနာထဘုရားလောင်း

ဤဘုရားလောင်းပုံဖော်မှုမှာ ပုဂံပြည်တွင် ခေတ်စားခဲ့၏။ အနော်ရထာမင်းကြီးကိုယ်တိုင် ပြုလုပ်သော လောကနာထ အုတ်ခွက်ဘုရားများကို တွေ့ကြရသည်။

* ဝဇီရပါဏိ ဝရဇိန်လက်နက် မိုးကြိုးသွားကိုကိုင်လျက် ဆု ပေးနေဟန်

* သီဟနာဒလောကေသရ ဤဘုရားလောင်းပုံကို ပွဲတင်ပသ၍ ကုဋ္ဌနူနာကို ကုပေးနိုင်၏။

## (၃) ဝဇီရပါဏိ VAJRAPANI

ဝဇီရမိုးကြိုးသွားကဲ့သို့ အစွမ်းထက်သော ယာစကာ လူတန်းစားတို့၏ အကြီးအကဲ ဖြစ်တော်မူသော တနည်း အကာအကွယ် ပေးနိုင်စွမ်းရှိသော ဆိုသည့် ဘုရားလောင်း

ဤသုံးပါးမှာ အထူးထင်ရှား၏၊ နောက်ပိုင်းတွင် ဤဗောဓိသတ္တ ဘုရားလောင်း သုံးပါးကိုကို ဘုရားကြီးသုံးဆူဖြစ်တော်မူသော စကြာမုနိ (ဝေရောစန) အမိတာဘာ နှင့် အက္ခောဘ ဘုရားတို့၏ ကိုယ်ပွားဖြစ်သည်ဟု သတ်မှတ်လာကြသည်။

## (၄) မဉ္ဇုသီရိ ဘုရားလောင်း

လူ့ဘဝမှ ဘုရားလောင်းဘဝသို့ ကူးပြောင်းသွားသူ ဖြစ်၏။ တရုတ်ပြည်ရှိ WU TAI ခေါ် အထွတ်ငါးခုရှိသော တောင်ပေါ်တွင် နေတော်မူသည်။ မင်းကေရဇ်၏ သားတော်ဖြစ်သည်ဟု ဆိုကြသည်။

မဉ္ဇုသီရိဘုရားလောင်း၏ကိုယ်ပွါးများ

* မဉ္ဇုဃောသဘုရားလောင်း - ရွှေအဆင်း ရှိ၏၊
  ဓားလွယ်တစ်ဖက် စာအုပ်တစ်ဖက် ကိုင်ထား၏။
* အရပစန ဘုရားလောင်း - ရန်သူ ပုလောင်စေသူတို့ကို ဖျက်ပေးနိုင်စွမ်း ရှိသူ
  ညာဖက်ကသံလျက် ဘယ်ဖက်က စာအုပ်ကို ကိုင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com





▲ တရုတ်နိုင်ငံမှ ထုလုပ်ထားသော အရိမေတ္တေယျ ဘုရားလောင်း -လက်ရှိ သာသနာတော် မှာ ဂေါတမဘုရားရှင်၏ သာသနာတော် ဖြစ်၏။ အရိမေတ္တေယျမှာ နောင်ပွင့်တော်မူမည့် ဘုရားဖြစ်၍ တုသိတာနတ်ပြည်၌ စံတော်မူနေသည်။ အရိမေတ္တေယျ ဘုရားလောင်း၏ပုံမှာ မကိုဋ်တော်တွင် စေတီပုံ ပါရှိ၏။



အဝလောကိတေသွရ ရုပ်ပွားတော် ၁၁- ၁၂ ရာစုခေတ် ရုပ်ပွါးတော်သဏ္ဍာန် ၁၀၈ မျိုးရှိ၏။ ↑

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်သို့ ပို့ဆောင်ခြင်း (အေဒီ ၉ ရာစုခေတ်ပန်းချီ) အဝလောကိတေသွရ ဘုရားလောင်းက လူသားတစ်ဦးအား နိဗ္ဗာန်သို့ လမ်းညွှန်ပေးနေပုံ ညာလက်တွင် နံ့သာပေါင်းတို့ကို မီးရှို့ပူဇော်ရာ ခွက်ကိုကိုင်ထားသည်။




www.burmeseclassic.com

www.burmeseclassic.com



မဉ္ဇူသီရိ



နံ့သာပေါင်းတို့ကို မီးရှို့ပြီး ဆီးမီးပူဇော်ရာ ဇွန်း (ယောက်)
(မဟာယာန ဘုန်းတော်ကြီးများ အသုံးအဆောင်)



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်တို့ကိုးကွယ်သောဘုရားများ

**အကျဉ်းချုပ်**

တရုတ်ဗုဒ္ဓသာသနာလည်း တိုင်းရင်းအယူဝါဒများနှင့် ရောစွက်ကာ ဂိုဏ်းအမျိုးမျိုး၊ အယူဝါဒအမျိုးမျိုး ဖြစ်လာသည်။

အကျဉ်းချုပ်အားဖြင့် တရုပ်ပြည်၌ မဟာယာန ဂိုဏ်းကိုးကွယ်သော မှီရိုင်တို့မှာ (က) ဘုရားများ၊ (ခ) ဘုရားလောင်းများ၊ (ဂ) နတ်များ ဖြစ်သည်။ ဘုရားမှာ ၅ ဆူ ရှိသည်။

(၁) ပထမ- ဂေါတမသကျမုနိ၊ (၂) ဒုတိယ- အမိတာဘ၊ ပုံမှာ ခေါင်းပြီး ကိုယ်လုံး ယာလက်ချ၍ လက်ဝါးပြထားသည်။ ဝဲလက်ရင်းတွင် ကြာပွင့်ကိုင်ထားသည်။ (၃) တတိယ ဆေးဝါးဖက်ဆိုင်ရာဘုရား၊ အနာရောဂါဆွဲကပ်နေသူ ကျိုးကန်းနေသူ၊ အကျဉ်းကျနေသူ ဆင်းရဲဒုက္ခရောက်နေသူ တို့ကို ကယ်မစောင့်ရှောက်၏ ဟု ယူဆသည်။ (၄) စတုတ္ထ- ဝေရောစန၊ ပုံမှာ လက်နှစ်ဖက်ရင်ပေါ်တွင် ပိုက်ထား၍ လက်ညှိုးအပေါ်တွင် ထောင်ထားသည်။ လက်ဝဲရင်တွင်ထားပြီးလျှင် လက်မ နှင့် လက်ခလယ်ထိထားသည်။

ဘုရားလောင်းမှာလည်း ၅ ပါးရှိသည်။ (၁) ပထမ-အဝလောကိတေသွာရ၊ (၂) ဒုတိယ- တရုံချိအမိတာဘာ၏ ဒုတိယသား၊ (၃) တတိယ- မေတ္တေယျ၊ ပုံမှာ ပြုံးရွှင်နေသောလူဝကြီး၊ အဝတ်ကိုဖယ်၍ ဝမ်းပိုက်ပူကြီးကို ဖော်ပြထားသည်။ ယာလက်- ပန်းခက် ပန်းပွင့်ကိုင်၍ ဝဲလက် နောင်အခါပေးမည့် ချမ်းသာလက်ဆောင်များပါရှိသည့်အိတ်ဝကို ဆုတ်ကိုင်ထားသည်။ (၄) စတုတ္ထ မဉ္ဇုသီရိ၊ ပုံမှာ ခြင်္သေ့ပေါ်တွင်စီးသည်။ (၅) ပဉ္စမ- သမန္တဘဒြ၊ ပုံမှာ ဆင်ပေါ်တွင်စီးသည်။

အရဟတ်များမှာ (၁) အရှင်သာရိပုတ္တရာ၊ (၂) အရှင်မောဂ္ဂလာန်၊ (၃) အရှင်မဟာကဿပ၊ (၄) အရှင်အနုရုဒ္ဓါ၊ (၅) အရှင် သုဘူတိ၊ (၆) အရှင်ပုရဏ၊ (၇) အရှင်ကုဗျာယန၊ (၈) အရှင်ဥပါလိ၊ (၉) အရှင်ရာဟုလာ၊ (၁၀) အရှင်အာနန္ဒာ တို့ဖြစ်သည်။

နတ်များမှာ ထင်ရှားသောနတ် ၂၄ ပါးကိုပြသည်။ ပြဟ္မာ၊ သိကြား၊ ယမမင်း၊ ဓတရပမဟာရာဇ် ဆိုင်ရာနတ်များ ပါသည်၊ ကွန်ဖြူးရှပ်း နှင့် တာအိုဆိုင်ရာ နတ်များကိုလည်း ထည့်သွင်းထားသည်။

ရဟန်းပြုပုံမှာ ပထမ လူအဖြစ်နှင့် ငါးပါးသီလ၊ ဒုတိယ သာမဏေအဖြစ်နှင့် ၁၀ ပါးသီလ၊ တတိယ - ရဟန်းပြု၊ စတုတ္ထ - ဘုရားလောင်းအဖြစ် နှင့် ပါရမီဖြည့်ရသည်။

ထေရဝါဒဂိုဏ်းမှာ နောက်ဆုံးစခန်းအဖြစ် နိဗ္ဗာန်သို့ရောက်ရန် ရည်မှန်း၍ ကျင့်ကြံသည်ကို မဟာယာနဂိုဏ်းမှာလည်း နောက်ဆုံးစခန်းအဖြစ် အတိုင်းအရှည် အဆုံးမရှိ၊ ကိုယ်ရောင်ကိုယ်ဝါရှိသော အမိတာဘာဘုရား (ဝါ) အတိုင်းအဆအဆုံးမရှိ၊ အသက်ရှည်သော အမိတာယုဘုရား စံရာ အနောက်အရပ်ရှိ သန့်ရှင်းစင်ကြယ်၍ ချမ်းသာသုခနှင့် ပြည့်စုံသော သုခဝတီပြည်သို့ ရောက်ရန်ရည်ရွယ်၍ကျင့်ခြင်း ဖြစ်လေသည်။

---

## ကံဆိုသည်မှာ အဘယ်နည်း

ကံဆိုသည်မှာ ကမ္မဟူသော ပါဠိစကားမှ ဆင်းသက်လာသော စကား ဖြစ်သည်။ အလုပ်၊ အမှုကိစ္စ ဟူ၍ အနက်ရသည်။

ဗုဒ္ဓ၏ဟောကြားချက်များအနက်-

"ကလျာဏ ကာရီ ကလျာဏ
ပါပ ကာရီစ ပါပကံ
ယာဒိသံ ဝပ္ပတေ ဗီဇံ
တာဒိသံ ဟရတေ ဖလံ" ဟူ၍ ပါရှိပါသည်။ အဓိပ္ပါယ်မှာ -

"ကောင်းသောကံပြုသူ (ဝါ) ကောင်းမှုလုပ်သူ ကောင်းကျိုးရ၏။
မကောင်းသော ကံပြုသူ (ဝါ) မကောင်းမှုလုပ်သူ မကောင်းကျိုးရ၏။
အကြင်မျိုးစေ့ကို စိုက်ပျိုး၏။
ထိုအသီးကို သုံးဆောင်ရ၏" ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



Buddha
Stone, Late Tang Dynasty
Height: 98 cm.



နိုင်ငံတကာ၌ ဈေးဟောင်းပစ္စည်းအဖြစ် အရောင်းအဝယ်ဖြစ်နေသော ကွမ်ယင်မယ်တော်ရုပ်ထု
အမိတာဘာဘုရားရုပ်ထု



www.burmeseclassic.com

www.burmeseclassic.com

# တန္တရ ဗုဒ္ဓဘာသာ၌ ထပ်ဆင့်ပွားလာသော ဘုရားရုပ်ပွားများ

တန္တရ ဗုဒ္ဓဘာသာမှာ ၈ ရာစုခေတ်ကျမှ ပေါ်လာသော အယူအဆသစ် ဖြစ်၏။ မဟာယာန ဗုဒ္ဓဘာသာနှင့် ဟိန္ဒူတို့၏ အတွေးအခေါ်အပြင် မျက်လှည့် စသည်တို့နှင့် ရောနှောနေသောဝါဒ ဖြစ်သည်ဟု အဆိုရှိသည်။ ဤဝါဒသည် အရှေ့တောင်အာရှနိုင်ငံများ အထူးသဖြင့် ဂျားဗား ဆုမားတြား နီပေါတို့သို့ ပြန့်နှံ့သွားခဲ့၏။ နီပေါမှတစ်ဆင့် တိဗက်သို့ရောက်၏။ တရုတ်နိုင်ငံသို့လည်း ၈ ရာစုမှာပင် ရောက်ရှိခဲ့၏။ သို့သော် တရုတ်နိုင်ငံ၌ ဤအယူဝါဒမှာ ပျောက်ကွယ်သွားပြီး ဂျပန်နိုင်ငံသို့ ပျံ့ပွားသွားခဲ့၏။ ယနေ့ဂျပန်နိုင်ငံ၌ ရှင်ဂွန်း SHINGON ဂိုဏ်းထိုပြီး အထင်အရှား ကျန်ရှိနေသေး၏။

ဤဝါဒအလိုအရ ဟိန္ဒူဘုရား သီဗားတွင် ကြမ်းတမ်းသော အသွင်သဏ္ဌာန်မျိုးရှိသလို တန္တရ ဗုဒ္ဓဘာသာတွင်လည်း ဟီရုက HERVKA-HEVAJRA သို့မဟုတ် SAMVARA အမည်သုံးမျိုးဖြင့် ခေါ်တွင်သော ဘုရားကြမ်းတစ်ပါး ပေါ်ပေါက်စေခဲ့၏။ ဤဘုရားကို ဂျပန်၌ FUDO ဖူဒို ပြင်ပအနှောက်အယှက်ခံနိုင်သူ ဟု ခေါ်တွင်သည်။

ဟိန္ဒူတို့တွင် နွားဦးခေါင်းနှင့် ဘုရားတစ်ပါးရှိသလို တန္တရ ဗုဒ္ဓဘာသာဝင် တို့မှာလည်း YAMATAKA ယာမတက သေခြင်း ကာကွယ်ပေးနိုင်သော ဘုရားတစ်ပါး ဖော်ထုတ်ခဲ့၏။ (VAJRABHAIRAVA) ဟုလည်း ခေါ်တွင်သေးသည်။

အချို့သော ဗောဓိသတ္တတို့က လူသားတို့အပေါ် များစွာ စေတနာ ဖပတ္တာရှိကြ၏။ အလောကီတေသာရ ဘုရားကြီး၏ ကိုယ်ပွားက ဒလိုင်လားမား အဖြစ် လူ့ဘဝသို့ဝင်စားပြီး လူသားတို့ကို ကယ်ပယ်မပေးပျော် ရှိ၏။

ငရဲကိုအစိုးရသော ဗောဓိသတ္တ KSITIGARBHA ကလည်း ရှိသေး၏။ ဤဗောဓိသတ္တ အယူအဆက နီပေါနှင့် တိဗက်တို့၌ မရှိပေမဲ့ အာရှတိုက်အလယ်ပိုင်းဒေသက လက်ခံသော ဗောဓိသတ္တ ဖြစ်၏။ တရုတ်နိုင်ငံတွင် တီဆိုင်း TI TS'ANG ဟု ခေါ်တွင်၍ ဂျပန်၌ ဂျီဇို JIZO ဟုခေါ်တွင်၏။ သူက ငရဲကိုစောင့်ရှောက်သည်ဆိုသဖြင့် သေဆုံးသူများနှင့် သက်ဆိုင်သည်။

## ဒေသခံနတ်များ သူရဲများ

ကျောင်းကန်ဘုရားကြီးများ၏ အဝင်ဝများ၌ ခြသေ့ရုပ် နဂါးရုပ်များရှိသလို မဟာယာန ဘုရားကျောင်းများ၌ အဆောင်နတ်ရုပ် အမျိုးမျိုးကို မြင်တွေ့ရပါလိမ့်မည်။ ကျားမရုပ်ထုများဖြစ်၍ သူတို့ကို သာသနာစောင့်များဟု ခေါ်လို့ရသည်။ နတ်ရုပ်အမျိုးမျိုး ရှိကြသည့်အနက်

MAHAKALA မဟာကာလ = အနက်ရောင်

HARITA = ဟာရိတီအမျိုးသမီး = မိခင်နတ်ရုပ်

KUVERA = ကုဗီရ ချမ်းသာခြင်းနှင့် သက်ဆိုင်သော

HAYAGRIVA ဟာရဂရီဗ ပြင်းပျက်နှာနှင့် လူနတ်ရုပ်တို့မှာ ထင်ရှားသည်။

ထို့အပြင် မဟာရာဇာ နတ်မင်းကြီးလေးပါး ရုပ်ထုများလည်း ရှိသေး၏။ သူတို့ကို သက္ကတ ဘာသာဖြင့်

KUVERA ကုမဝရ (မြောက်ဖက်)

DHRTARASTRA ဒါတရစရ (အရှေ့)

VIRUDHAKA ဗီရုဒက (တောင်)

VIRUPAKSA ဗီရုပါစက (အနောက်)

ခေါ်တွင်၍ သက်ဆိုင်ရာ အရပ်လေးမျက်နှာကို စောင့်ရှောက်လျက်ရှိကြသည်။

## အမျိုးသမီးဘုရားများ

မဟာယာနဗုဒ္ဓဘာသာဝင်တို့၏ အလိုအရ စကြာမုနိ ဘုရားကြီး၏ မယ်တော် အပျိုစင် မဟာမာယာ နှင့် ဉာဏ်ပညာအလုံးစုံကို ပိုင်ဆိုင်သူတို့မှာ အမျိုးသမီး ဘုရားကိုယ်ပွားများ ဖြစ်ကြသည်။

တရုတ်ပြည်မှ ကွမ်ရင်, ဂျပန်မှ ကွမ်နွန် စသည်ဖြင့် ခေါ်တွင်သော ဘုရားများကို ဆိုလိုသည်။ မဟာယာနတို့တွင် ဤအမျိုးသမီး ဘုရားနှစ်ဆူသာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် အိန္ဒိယနိုင်ငံတွင် ၇ ရာစုခေတ် နောက်ပိုင်း၌ ဘုရားကြီး ငါးဆူကို အမျိုးသမီးအတွဲ ငါးပါး ရှာပေးလိုက်ကြ၏။ ဤလိုနှင့် တိဘက်နိုင်ငံတွင် ဘုရားများမှာ အမျိုးသမီးအတွဲများနှင့် ဖြစ်ကုန်ကြသည်။

တန္တရဗုဒ္ဓဘာသာ ဘုရားရုပ်ပွားများကို တိဘက်နိုင်ငံ တန္တရ ဗုဒ္ဓဘာသာစာတွဲ၌ အသေးစိတ်ရှုပါ။

ဂျပန် JIZO ငရဲကိုစောင့်သော သေဆုံးသူများနှင့် ဆိုင်သော ဗောဓိသတ္တ

တရုတ်အခေါ် တီဆိုင်း ဂျပန်တို့၏အခေါ် ဇီဇို
ငရဲကိုစောင့်သော သေဆုံးသူများနှင့် ဆိုင်သော ဗောဓိသတ္တ



TI-TS'ANG



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်
## သို့မဟုတ်
## ဘာသာကြီးသုံးရပ် အတူယှဉ်တွဲ၍ထွန်းကားရာ နိုင်ငံ

တရုတ်နိုင်ငံတွင်
(၁) ဗုဒ္ဓဘာသာ သာသနာအပြင်
(၂) ကွန်ဖူးဇီး၏ အတွေးအခေါ်
(၃) တာအိုအယူဝါဒ တို့ အတူယှဉ်တွဲ၍ တစ်ပြိုင်တည်းထွန်းကားလျက် ရှိသည်။

သို့ကြောင့် တရုတ်ပြည်ကို ဘာသာကြီးသုံးရပ် အတူယှဉ်တွဲ၍ ထွန်းကားရာနိုင်ငံဟု အနောက်တိုင်းသားများ ဆိုကြသည်။

## လာအိုဇီ (ဘီစီ ၆ဝ၄ ခန့်ဖွား)

လာအိုဇီသည် ရှေးခေတ် တရုတ်နိုင်ငံမှ ဒဿနိကဗေဒနှင့် ယုတ္တိဗေဒပညာရှင်တစ်ဦး ဖြစ်သည်။ ယင်း၏ မွေးသက္ကရာဇ်ကို အတိအကျမသိရသော်လည်း ဘီစီ ၆ဝ၄ ခုနှစ်တွင် မွေးတန်ရာသည်ဟု ဆိုကြသည်။ သမိုင်းပညာရှင်အချို့က လာအိုဇီကို ဟိုနန်နယ် ယခုခေတ်အခေါ် ကွေးတီမြို့အနီးဝှ မွေးဖွားသည်ဟု ပြောကြသည်။ သူ၏နာမည်အစစ်အမှန်မှာ အာယီ ဖြစ်၍ ချူမင်းဆက် ဘုရင်တစ်ပါး၏ ပိဋကတ်တိုက်မှူး ဖြစ်ခဲ့သည်ဟု ဆိုသည်။ အသက်အရွယ်ကြီးရင့်လာသောအခါ ချောင်မြို့၏ မြောက်တံခါးမှ ထွက်ခွါသွားခဲ့ရာ သေသည်ရှင်သည် မသိရတော့ဘဲ နောက်ထပ် ပြန်၍မတွေ့ရတော့ချေ။ အခြား တရုတ် ဒဿနိကဗေဒ ပညာရှင်ကြီးတစ်ဦးဖြစ်သူ ကွန်ဖူးဇီး နှင့် ခေတ်ပြိုင်ဖြစ်ခဲ့သော်လည်း





တာအိုခေါ်သည့် အယူဝါဒကို တီထွင်ခဲ့သူ လာအိုဇီ

www.burmeseclassic.com

www.burmeseclassic.com



တားအိုအယူဝါဒအလိုအရ
ရှမင်းရှန် SSU - MING - SHEN
မီးဖိုစောင့်ဘုရား တစ်နှစ်လျှင် တစ်ကြိမ်
နိဗ္ဗာန်မှ ပြန်လာသည်။ အိမ်သူအိမ်သား
တို့၏စာရိတ္တကို အထက်သို့ အစီရင်ခံရန်
ဖြစ်သည်။ သို့ကြောင့် ပြန်အချိန်မှာ
မီးဖိုကို သန့်ရှင်းအောင်ထားပြီး ချိုမြသော
မုန့်များဖြင့် ပသ ကြသည်



တားအိုအယူဝါဒအရ အိမ်အပင်
တံခါးစောင့်ဘုရားကို- အိမ်သူအိမ်သား
များ ရောဂါဘယမှ ကင်းဝေးစေရန်
ကြီးပွါး တိုးတက်စေရန် ဆုတောင်းစာ
ရေးဆွဲထားသည့်လေ့။




www.burmeseclassic.com

www.burmeseclassic.com




တရုတ်နှစ်သစ်ကူးချိန် စက္ကူဖြင့်ပြုလုပ်ထားသော မီးဖိုစောင့် ဘုရားနှင့် စီးပွားရေးကို စောင့်ရှောက် သောဘုရားရုပ်ပွားတော် များကို အိမ်သူ အိမ်သားတို့၏ စာရိတ္တကောင်းကြောင်း၊ အထက်သို့ အစီရင်ခံနိုင်ရန် မီးရှို့သည့် ဓလေ့ ရှိသည်။ နှစ်သစ်ကူးချိန်၌ လူတိုင်း အသက်လွတ်စားကြသည်။



ဗုဒ္ဓ၏ဘဝ အေဒီ ၈ ရာစု ဒန်ဟောင်း ပိုးသားပိတ်စပေါ်မှ ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com



တရုတ်နှစ်သစ်ကူးပွဲတော်
မိသားစု စုဝေကြပြီ ဗုဒ္ဓဘာသာ ဘုရားမှာ မုန့်အမျိုးမျိုး
သစ်သီးမျိုးစုံ ပ,သ ကာ ဖယောင်းတိုင်တွေ အမွှေးတိုင်တွေနှင့်

(၄၂ B

www.burmeseclassic.com

www.burmeseclassic.com

ဝါဒခြင်းမတူဘဲ အပြိုင်အဆိုင် ဖြစ်ခဲ့သည်။ ကွန်ဖူးစီး နှင့် ဘီစီ ၅၁၇ ခုနှစ်လောက်က တွေ့ဆုံခဲ့ဘူးပြီးလျှင် ဝါဒနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သေးသည်ဟု ဆိုသည်။ တရုတ်နိုင်ငံတွင် အယူဝါဒကြီး သုံးခုရှိသည့်အနက် လာအိုစီသည် တာအိုခေါ်သည့် အယူဝါဒကို တီထွင်ခဲ့သူဖြစ်သည်။ လူတို့သည် သေသည်၏အခြားမဲ့၌ ဘဝသစ်များတွင် လူ့ဘဝ၌သော်လည်းကောင်း၊ တိရစ္ဆာန်ဘဝ၌သော်လည်းကောင်း ဖြစ်သည်ဟူသော အယူကို လာအိုစီ ကောင်းစွာယုံကြည်သည်။

လာအိုစီသည် ဂုဏ်ပကာသနကို မလိုလားဘဲ၊ လူသူနည်းသောနေရာ၌ မထင်မရှားနေခြင်းကိုသာ နှစ်သက်သူ ဖြစ်လေသည်။

## ကွန်ဖူးစီးဝါဒ

တရုတ်လူမျိုးတို့မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပေမဲ့ ကွန်ဖူးစီး၏အတွေးအခေါ်ကို လက်ခံသည်။ သို့ကြောင့် တရုတ်နိုင်ငံတွင် ကွန်ဖူးစီးအယူအဆနှင့် ဗုဒ္ဓဘာသာသည် ခွဲမရအောင် ရောနေပြီဖြစ်သည်။ ကွန်ဖူးစီးကို တရုတ်နိုင်ငံ၌ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က မွေးဖွါးခဲ့သည်။ CONFUCIUS - ကွန်ဖူးစီး ကို PATRON SAINT OF PROSPERITY တိုးတက်ကြီးပွါးမှုကို အကူအညီပေးသော ရဟန္တာဟု တရုတ်လူမျိုးတို့က မြင်ကြသည်။

ကွန်ဖူးစီးဝါဒကြောင့် တရုတ်နိုင်ငံ၏ လူမှုတည်ငြိမ်မှုနှင့် တရုတ်နိုင်ငံဝန်ထမ်းတို့၏ အခြေခံ တိကျအောင်မြင်မှုများ ရခဲ့သည်ဟု ဆိုကြသည်။ တရုတ်လူမျိုးတို့မှ တဆင့် ကွန်ဖူးစီး အယူအဆသည် ကိုရီးယား၊ မန်ချူးရီးယား၊ ဂျပန်၊ မွန်ဂိုးလီးယား နှင့် ဗီယက်နမ်နိုင်ငံများသို့ ပျံ့ပွားသွားခဲ့သည်။ တိုင်ဝမ်ကျွန်းသို့ ဗုဒ္ဓဘာသာနှင့် အတူ ၁၇ ရာစုခေတ်က ရောက်သွား၍ စင်္ကာပူနှင့် မလေးရှားကျွန်းစွယ်သို့ ၁၉ ရာစုတွင် ရောက်သွားခဲ့သည်။ ထိုင်း၊ မြန်မာ၊ ဂျာဗား၊ တိဘက်၊ ဟာဝိုင်ယီ နှင့် ဖိလစ်ပိုင်ကျွန်းများသို့လည်း တရုတ်လူမျိုးများနှင့်အတူ ဤအယူဝါဒ ရောက်ခဲ့သည်။

ဆရာကြီးကွန်ဖူးစီး၏ တပည့်ပေါင်း ၃၀၀၀ ကျော်ရှိသည့်အနက် ၇၀၊ ၈၀ ခန့်မှာ သူ၏တပည့်ရင်း စာတတ်ပုဂ္ဂိုလ်ကြီးများဖြစ်၍ ထူးချွန်သူများ ဖြစ်လေသည်။ ထိုတပည့်ရင်းများသည် သူ၏အနီး၌ နေ့ညဉ့်မပြတ် ရှိသေစွာဆည်းကပ်လျက် ဆရာကြီးပြုမူပြောဆို သွန်သင်သမျှကို တစ်စမကျန် နာယူမှတ်သားကြလေသည်။ ထိုပုဂ္ဂိုလ်များမှတဆင့် ပညာရှိကြီး၏အကြောင်းကို ကျွန်ုပ်တို့သိကြရပေသည်။

ကွန်ဖူးစီး၏ဩဝါဒများမှာ လူတို့၏ ကိုယ်ကျင့်တရားကောင်းမွန်ရေး ဖြစ်၍ သာသနာရေးဆိုင်ရာ ဟောပြောချက်များမဟုတ်ပေ။ အသက်ရှင်စဉ်တွင် မည်သို့နေထိုင်ပြုမူမှ ကောင်းသောနေခြင်းဖြစ်မည်ကို ဆောင်ပုဒ်ကလေးများဖြင့် သွန်သင်ခဲ့၏။ သူ၏ဩဝါဒများစွာတို့တွင် "သင့်အား သူတပါးကပြုမူလျှင် သင်နှစ်သက်မည်မဟုတ်သည့် အပြုအမူမျိုးကို တပါးသူတို့အား မည်သည့်အခါမျှ မပြုမူလေနှင့်" ဟူသောစကားမှာ ဆရာကြီး၏ လက်သုံးစကား ဖြစ်လေသည်။


ကွန်ဖူးစီးသည် ဘီစီ ၄၇၈ ခုတွင် ကွယ်လွန်အနိစ္စရောက်လေသည်။ သူ၏ ရုပ်အလောင်းကို ချူးဖူးမြို့တွင် ကောင်းစွာမြှုပ်နှံသဂြိုလ်ကြလေသည်။ သူသည် သာမန်လူသား တရားဟောဆရာကြီးမျှသာ ဖြစ်သော်လည်း ပညာဗဟုသုတ ပြည့်ဝလှသော သူတော်ကောင်းပညာရှိကြီးတစ်ဦး ဖြစ်သောကြောင့်

သန်းပေါင်းများစွာသော အရှေ့တိုင်းရင်းသားတို့က ဘုရားတစ်ဆူဂူတစ်လုံးအမှတ်ပြု၍ ဆည်းကပ် ကိုးကွယ်ကြသည်။ တရုတ်လူမျိုးများသည် နှစ်စဉ် ချူးဖူးမြို့ရှိ သူ၏သင်းချိုင်းဂူသို့ သွားရောက်၍ အရိုအသေပြုကြသည်။ အသက်ရှင်စဉ်ကထက် ကွယ်လွန်သောအခါမှ ကွန်ဖူးစီး၏ ဩဝါဒများကို လိုက်နာကျင့်သုံးသူဦးရေ များပြားလာသည်။ ယခုအခါ တရုတ်နိုင်ငံရှိ မြို့ကြီးတိုင်းလိုလိုပင် ကွန်ဖူးစီးအား ရည်စူး၍ ဆောက်လုပ်ထားသော ဘုရားကျောင်း အနည်းဆုံး တစ်ဆောင်စီရှိလေသည်။



www.burmeseclassic.com


www.burmeseclassic.com



of Confucius in the main hall of the newly renovated Confucius Temple in Qufu ကူဖူ ဒေသမှ ကွန်ဖြူးရှပ် ဘုရားကျောင်းတော

www.burmeseclassic.com

www.burmeseclassic.com



မိုင်ချိုင့်ဒေသ ဂူဘုရားအမှတ် ၄ မှ ရုပ်ပွားတော်များ

www.burmeseclassic.com

www.burmeseclassic.com



Yan Hui (left) Kong Ji (right)



Meng Ke (left) Zeng Shen (right)

Statues of 'Four Sages' flank Confucius. Two were his personal disciples, Kong Ji was his grandson and Meng Ke was Kong Ji's student.




Dragon-and-Phoenix drum in Dacheng Hall of the Confucius Temple.


ကွန်ဖူးစီးဘုရားကျောင်းအတွင်းမှ ရုပ်ပွားတော်များ



Min Que (left) Ran Yong (right)




Duanmu Ci (left) Zhong You (right)



Yan Yan (left) Ran Qiu (right)

Statues of the 'Twelve Philosophers,' favored disciples and famous later Confucians.





Ran Geng (right)





www.burmeseclassic.com

www.burmeseclassic.com




တရုတ်လူမျိုးတို့ ဗုဒ္ဓဘာသာနှင့်အတူ တစ်ပြိုင်တည်း ယက်ခံကိုးကွယ်လေ့ရှိသော ကွန်ဖြူးရှီး အယူဝါဒ၏ ဦးဆောင် [ကွန်ဖြူးရှီး ကျောင်းတော်မှ] ကွန်ဖြူးရှီး



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ဗုဒ္ဓဘာသာအစ

တရုတ်ပြည်။ ။ သာသနာနှစ် ၃၂၇ တွင် တရုတ်အမည် လီဖန်ဖေါ် ဗုဒ္ဓအယူဝါဒီ ရဟန်းတော်တစ်ပါးသည် အိန္ဒိယပြည်မှ အခြားရဟန်း ၁၇ ပါးနှင့် တရုတ်ပြည်သို့ ရောက်သည်။ နောက် ၄၂၁ ခုတွင်လည်း ချန်ချအိယင် မည်သော တရုတ်စစ်ဗိုလ်တစ်ယောက်သည် ပါသီယပြည်မှ မှုအောင်းတော့တစ်ဆူ ပင့်လာခဲ့သည်။ ထိုကား တရုတ်ပြည်သို့ ဗုဒ္ဓသာသနာ ရေ့ပြောင်းဖြစ်သည်။

သာသနာနှစ် ၆၀၇ (ခရစ် ၆၁) တွင် အဝေ့ဟန်မင်းဆက် မင်းထီး ဓဖေါ် လီယူရွှန်ဘုရင်လက်ထက် မျိုးမဒေသသို့ တမန် ၁၈ ယောက်ကို လွှတ်၍ ပင့်စေရာ အရှင်ကဿပမာတင်နှင့် အရှင်ဓဂါဘရနတို့သည် သက္ကတဘာသာကျမ်းစာများနှင့် ဓာတ်တော်တို့ကို မြင်းဖြူပေါ်တွင် တင်၍ ပင့်ဆောင်ခဲ့ကြသည်။ လိုယန်မြို့တွင် ပဌမ ဆောက်လုပ်သောကျောင်းကို မြင်းဖြူကို အစွဲပြု၍ မြင်းဖြူကျောင်း ဟုခေါ်သည်။ နောက်ဆောက်လုပ်သော ကျောင်းများကိုလည်း မြင်းဖြူကျောင်းပင် ခေါ်ကြသည်။ ထိုအခါက ရောက်လာသော ဗုဒ္ဓသာသနာသည် ကနိဿကပင်းဝေတ်ဖြစ်၍ မြောက်ပိုင်းဗုဒ္ဓသာသနာဖြစ်သည်။ ပင့်ဆောင်လာသော သက္ကတဘာသာ ကျမ်းစာများကိုလည်း တရုတ်ဘာသာ ပြန်ဆိုကြသည်။ နောက် တဖြည်းဖြည်း ဘုရားလောင်းဝါဒ မဟာယာနဗုဒ္ဓသာသနာ ဖြစ်လာသည်။

နောက်ထပ်လည်း အိန္ဒိယနှင့် အာရှအလယ်ပိုင်းသား ဗုဒ္ဓအယူဝါဒီ ဘုန်းတော်ကြီးများ တစ်သုတ်ပြီးတစ်သုတ် ရောက်လာ၍ ဗုဒ္ဓတရားတော်များကို တရုတ်ဘာသာသို့ ပြန်ဆိုရာ ဟန်မင်းဆက်ကုန်ဆုံးသည့်အခါ ဗုဒ္ဓသာသနာဆိုင်ရာ ကျမ်းစာအုပ်ပေါင်း ၃၅၀ ခန့် ပြန်ဆိုပြီးခဲ့သည်။ သာသနာသက္ကရာဇ် ၉၀၀ ခန့်ကျသောအခါ သာသနာတော်သည် အထူးပျံ့နှံ့၍ တစ်နိုင်ငံလုံး၏ ကိုးကွယ်သော အဓိက အယူဝါဒကြီး ဖြစ်ခဲ့သည်။

ထိုအချိန်ထိ တရုတ်နိုင်ငံ၌ မဟာယာန ဗုဒ္ဓသာသနာသည် ယန်ထိပြစ် မြောက်ဖက်၌သာ အထူးပျံ့နှံ့၍ တောင်ဖက်၌ ကွန်ဖူးစီးနှင့် တာအို အယူဝါဒ များ လွှမ်းမိုးနေသဖြင့် ဖွံ့ဖြိုးမှု မရှိလှချေ။ သာသနာသက္ကရာဇ် ၁,၀၀၀ ခန့်တွင် တရုတ်နိုင်ငံမြောက်ပိုင်း၌ သာသနာရေးဆိုင်ရာ အဆောက်အအုံပေါင်း ၁၃,၀၀၀ ကျော်ရှိ၍ သံဃာတော် တစ်သိန်းခန့် ရှိသည်ဟု မှတ်တမ်းများ၌ တွေ့ရသည်။ တရုတ်နိုင်ငံမြောက်ပိုင်း၌ အလွန်ဖွံ့ဖြိုးနေသော ဗုဒ္ဓသာသနာသည် မန်းချူးရီးယားပြည်၊ ကိုရီးယားနိုင်ငံတွင်းသို့ သာသနာသက္ကရာဇ် ၉၁၃ ခုနှစ်တွင် ရောက်လာသည်။

သာသနာသက္ကရာဇ် ၁၀၆၄ ခုနှစ်တွင် ကန်တုံမြို့သို့ ရောက်လာသော ဗောဓိဓမ္မထေရ်သည် တရုတ်နိုင်ငံမြောက်ပိုင်း၌ သာသနာပြုရာ၊ အထူးပင် အောင်မြင်သည်။ ယိမထေရ်အား ပဋ္ဌမမြောက် ဆက်ခံသည့် ပဝထေရ်သည် တောင်ပိုင်း တရုတ်နိုင်ငံသို့ ကြွရောက်သာသနာပြုရာမှ ဗုဒ္ဓသာသနာသည် တရုတ်နိုင်ငံတစ်နိုင်ငံလုံးတွင် မကြုံဖူးအောင် ထွန်းကားလာခဲ့သည်။ တန်မင်းဆက်အစတွင် ဧကရာဇ်ဘုရင်များသည် ကွန်ဖူးစီး အယူဝါဒကို သက်ဝင်သူများဖြစ်သည့်အလျောက် ဗုဒ္ဓသာသနာဝင် ရဟန်း၊ သီလရှင် စသည်များအား လူထွက်စေခဲ့သေး၏။ တန်မင်းဆက်နောက်ပိုင်းတွင် ဗုဒ္ဓသာသနာသည် တရုတ်နိုင်ငံ၌သာ ထွန်းကားသည်မဟုတ် ဂျပန်နိုင်ငံ ဘက်သို့ပင် တစ်ဆင့် ပျံ့နှံ့သွားသည်အထိ ဖွံ့ဖြိုးခဲ့သည်။ မင် မင်းများနှင့် မန်ချူးမင်းများ လက်ထက်တွင် ဗုဒ္ဓသာသနာသည် တစ်ဖန် မှေးမှိန်သွားကာ သမ္မတနိုင်ငံခေတ်ရောက်မှ တစ်ဖန် ပွင့်လင်းလာခဲ့သည်။

> **ကံ့ကံ၏အကျိုး**
>
> "ကောင်းမှုလုပ်သူ ကောင်းကျိုးရ၏။
> မကောင်းမှုလုပ်သူ မကောင်းကျိုးရ၏။
> အကြောင်မျိုးစေ့ကို ရိုက်ပျိုး၏။
> ထိုအသီးကို သုံးဆောင်ရ၏။
>
> (ပုဒ္ဓ)



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်သို့ ပထမဆုံးကြွရောက်လာကြသော
အိန္ဒိယနိုင်ငံမှ သာသနာပြု ရဟန်းတော်နှစ်ပါး၏ ရုပ်ထုများ

သက္ကတဘာသာ ကျမ်းစာများနှင့် ဓာတ်တော်တို့ကို
မြင်းဖြူဖြင့်တင်၍ တရုတ်ပြည်သို့ ပင့်ဆောင်လာသူ
အရှင်ကဿပမာတင်္ဂ မြင်းဖြူကျောင်းတော်၌ မြင်တွေ့ရသော ရုပ်ထု






www.burmeseclassic.com

www.burmeseclassic.com



ဟိုနမ်ပြည်နယ် လိုရမ် LOYANG မြို့တော်၌ရှိသော တရုတ်ပြည်၏ ပထမဆုံး ကျောင်းတော် (၅၈-၇၅) မြင်းဖြူကျောင်း:- ဤကျောင်းတော်၌ အိန္ဒိယနိုင်ငံသား ရဟန်းတော်နှစ်ပါးသည် တရုတ်ပြည်သို့ ကြွရောက်လာကြပြီး ဗုဒ္ဓသုတ္တန်များကို တရုတ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ပြည်- သာသနာ ဂိုဏ်းကွဲများ

တရုတ်နိုင်ငံသို့ သက္ကရာဇ် ၂၅-၂၂၀ အေဒီကာလ ဟန်မင်းများ လက်ထက်တွင် ဗုဒ္ဓဘာသာရောက်ရှိသည်။ ရှေးဦးနည်းပြဲဆရာတို့မှာ အာရှအရှေ့ပိုင်းဒေသကပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ပိုးထည်ကုန်သွယ်ရေးလမ်းမကတစ်ဆင့် ရောက်လာခဲ့ခြင်း ဖြစ်သည်။ တရုတ်နိုင်ငံ၏ မူလ (၂၀၆ ဘီစီ ၂၃ အေဒီ) အတွေးအခေါ် နှင့် အလုပ်အကိုင်များမှာ ပြည်တွင်းမှာသာရှိသည်။ တန်မင်းများ (၆၁၈ ၉၀၇) ကာလကျမှ ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြုလုပ်သည်။ အားလုံး အာရှဗဟိုဒေသ လမ်းမကြီးကတစ်ဆင့် ဆက်သွယ်ခဲ့သည်။ နိုင်ငံခြားနှင့်ဆက်သွယ်ခဲ့၍ စီးပွါးရေး တိုးတက်ယှဉ်ကားလာခဲ့သည်။ ပျိုးပင် ကုန်သည်များနှင့်အတူ ဗုဒ္ဓသာသနာပြု ရဟန်းတော်များ ပါလာခဲ့သည်။ ပန်းချီပန်းပုပညာသည် တွဲဖက်ရောက်လာခဲ့သည်။

တရုတ်ပြည်ကြီးသို့ ပုဒ္ဓဘာသာဝင်ရောက်နိုင်ခဲ့ပုံကို ထိုခေတ်ထိုအချိန်က အခြေအနေကို ပြန်ကြည့်မည်ဆိုလျှင် -

AD ၂၂၀ ကာလအထိ တရုတ်နိုင်ငံတွင် ကွန်ဖူးဓိးယပ်၏ အတွေးအခေါ်သာ အဓိကဖြစ်နေခဲ့သည်။ သို့သော် သက္ကရာဇ် ၂၂၀ နောက်ပိုင်း၌ ဟန်ပင်းတက် ကျဆုံးသွားသောအခါ တရုတ်နိုင်ငံမှာ ဘာသာရေးအရ အားကိုးအားထားပြုစရာမရှိသလို ဖြစ်လာသည်။ ဤအချိန်မှာ ဗုဒ္ဓဘာသာက နေရာဝင်ယူလိုက်ခြင်း ဖြစ်၏။ လူသားတွေ၏ စိတ်ညစ်စရာ-ဒုက္ခအပေါင်း၏အားကိုးရာ ဖြစ်လာခဲ့သည်။ (ထိုဝါဒကလည်း နောက်ဘာသာတစ်ခုကို မျှော်သလို ဖြစ်နေခဲ့သည်။)

ထိုခေတ်က အိန္ဒိယ နှင့် တရုတ်နိုင်ငံတို့မှာ ဆက်သွယ်ရေးလမ်းကြောင်း အင်မတန်ကောင်းသည်။ သို့ကြောင့် အိန္ဒိယနိုင်ငံရှိ ပုဒ္ဓဘာသာဂိုဏ်းအသီးသီးက ထိုးဝင်သွားကြသည်။ ပုဒ္ဓစာပေကိုလည်း တရုတ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့ကြသည်။

ဒုတိယရာစုခေတ်တွင် PRAJNAPARAMITA ပညာပါရမီတဂိုဏ်း၊ တတိယရာစု အကုန်လောက်တွင် MADHYAMAKA ဂိုဏ်း၊ အေဒီ-၆၀၀ လောက်တွင် YOGACARA ဂိုဏ်း၊ နောက်ပိုင်းတွင် တန္တရဂိုဏ်း (၉ ရာစုထိသာ သက်တမ်းခံသည်) တို့သည် အပြိုင်ယှိုးပင်သွားခဲ့ကြသည်။ တရုတ်ပြည်တွင် ဗုဒ္ဓဘာသာဂိုဏ်းကွဲများက အတူယှဉ်တွဲ၍ ဘုန်းကြီးကျောင်းတစ်ကျောင်းတဲမှာ နေထိုင်လိုက်ကြသည်။ တန်မင်းများလက်ထက် ၆၁၈-၉၀၇ ကာလ၌ တရုတ်ပြည်ရောက် ဗုဒ္ဓဘာသာပင်အားလုံးတို့မှာ ဘုရင်၏ကိုးကွယ်ရာဘာသာ ဖြစ်သွားရာက အားလုံးပူးပေါင်းလိုက်ကြရာ ဤတွင်တရုတ်ဘာသာဖြင့် ဗုဒ္ဓကျမ်းစာအုပ်တွေ အမြောက်အများ ပေါ်လာခဲ့သည်။

ပထမတော့ တရုတ်နိုင်ငံတွင် ဗုဒ္ဓဘာသာအတွေးအခေါ်မှာ ဒေသ၌ထွန်းကားပြီး ကွန်ဖြူးဆီးယပ်ဝါဒ နှင့် အတိုက်အခံ ဖြစ်ခဲ့သေးသည်။ အစိုးရကအပြစ်ပေးသူများကို ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများက လက်ခံထားရှိကြရာက နောင်အခါ "တရုတ်ဘုန်းကြီးကျောင်းအချို့က သူပုန်များ၏ ခံတပ်သဖွယ် ဖြစ်ခဲ့သေးသည်။ တရုတ် ကွန်ဖြူးဓိးယပ်တို့က မိဘဆွေမျိုးကို မယမိ ကိုးကွယ်ပည်၊ မသေမီလုပ်ကျွေးမည်၊ ဗုဒ္ဓဘာသာက ဘုန်းကြီးကျောင်းသွားပြီးနေရမည် ဆိုသော အတွေးအခေါ်တို့မှာ အဓိကကွာဟချက် ဖြစ်ခဲ့သည်။

သို့သော် တရုတ်နိုင်ငံသို့ "ချန်" (ဂျပန်တို့၏ "ဇင်") ဗုဒ္ဓဘာသာ အတွေးအခေါ်ရောက်လာပြီး ချန်အယူဝါဒအရ ရုတ်တရက် အလင်းရောင်ရနိုင်သည်။ ဗုဒ္ဓဘုရားဖြစ်ဖို့ လွယ်သည်။ (တကယ်တော့ ချန်အယူအဆမှာ ဇင်ဗုဒ္ဓဘာသာကဲ့သို့ပင် ရုတ်တရက် အသိဉာဏ်ပွင့်လင်းဖို့မလွယ် အတော့်ကို ဒုက္ခခံပြီးကျင့်မှ ရသည်။) ဆိုသော အတွေးအခေါ်ကြောင့် မကြာခင် ပုဒ္ဓဘာသာသည် တရုတ်နိုင်ငံ၌ အမြစ်တွယ်ပြီး ဖြစ်သွားခဲ့ပါသည်။ ဒီလိုနှင့် တရုတ်နိုင်ငံတွင် VIMALAKIRTINIRDESASUTRA ဆိုသည့် ကျမ်းစာမျိုးတွေက ထင်ပေါ်ကျော်ကြားလာခဲ့သည်။

နောက်ပိုင်းတွင် တရုတ်အတွေးအခေါ်ပညာရှင်များ၏ အယူအဆတို့နှင့် ပေါင်းစပ်သွားရာက **TIAN-TAI** တီယန်တိုင်၊ HWA YAN ဝှမ်ရမ်း၊ PURE LAND သန့်ရှင်းသောမြေ စသည့်ဂိုဏ်းများ ပေါ်လာခဲ့သည်။ TIAN_TAI ဂိုဏ်းကို ZHI_YI **538-97** ဇီရီဆိုသော ရဟန်းတော်က စတင်တည်ထောင်သည်။ သူ့လက်ထက်မှာ အမျိုးမျိုးဖြစ်နေသောသုတ်များကို စုပေါင်းကာ "LOTUS SUTRA" ကြာပန်းသုတ္တန်ပေါင်းချုပ်ကျမ်းကြီး ပေါ်လာရသည်။ ဟွာရမ်း ဘာသာဂိုဏ်း (AVATAMSAKA ဘီးတစ်လုံးဂိုဏ်း) က TIAN TAI တီရမ်တိုင်၏ အတွေးအခေါ်ကို ပို၍ ပြီးပြည့်စုံအောင် ကြိုးစားခဲ့သည်။

www.burmeseclassic.com

PURE LAND ခေါ် သန့်ရှင်းသောမြေဂိုဏ်းက တရုတ်ပြည်ကို အရောက်နောက်ကျသော်လည်း နောက်ပိုင်းတွင် ဤဂိုဏ်းကို ပိုပြီး လူကြိုက်များခဲ့သည်။ ဤဂိုဏ်း၏အယူအဆက အမိတာဘာဘုရားရှင်ကို နှိုးပူဇော်ပါ၊ အမိတာဘာက သန့်ရှင်းသောမြေ- သုခဘုံမှာ အမြဲစောင့်လျက်ရှိသည်။ အမိတာဘာ ဘုရားရှင်က အနောက်ဘက်မှာရှိသော သုခဘုံကနေပြီး လူများကို ကယ်တင်ပေးနေသည် ဆိုသည့် အတွေးအခေါ်ဖြစ်၏။

နောက်ပိုင်းကျလာသောအခါ တရုတ်ပြည်၏ ဗုဒ္ဓဘာသာမှာ ပွဲလမ်းသဘင်များ ငရဲ နှင့် နိဗ္ဗာန်များ အကြောင်းကိုသာ အရေးထားကြရာက လည်းကောင်း၊ ၆ ရာစု ခေတ်နောက်ပိုင်း ဘုရင်၏အမိန့်တော်အရ လည်းကောင်း၊ အလိုလိုပေါင်းစပ်သွားခဲ့ရာ ယခုတိုင်အောင် တစ်ဂိုဏ်းထလိုလို ဖြစ်နေတော့၏။




ရှေးအကျဆုံး တရုတ် ဗုဒ္ဓဘာသာကျောင်းတော်

သက်တမ်း ၁,၆၀၀ ပြည့်ခဲ့ပြီဖြစ်သော ချီကိုင်းပြည်နယ်မှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း 

www.burmeseclassic.com

www.burmeseclassic.com


# ပီကင်းမြို့တော်

ပီကင်း PEKING ယခုအခေါ် BEIJING ဘိုင်ကျင်းမြို့မှာ တရုတ်ပြည်၏ မြို့တော်ဖြစ်သည်။ စည်သည် များနှင့် အင်ပြည့်လျှံနေသော မြို့ကြီးဖြစ်၏။

ပီကင်းမြို့၌ အောက်ပါ ဘုန်းတော်ကြီးများမှာ ထင်ရှားသည် လူသိများသည်။

**Buddhist Monasteries in the Capital**

*The Kwangchi Monastery, the Yung Ho Kung, the Wofu Monastery, the Miao-ying Monastery, the Tungchiao Nunnery, the "Five Pagoda" Monastery and the Tienning Monastery*








## ဗုဒ္ဓဘာသာ လေဟာပြင်ပြတိုက်

တရုတ်နိုင်ငံ၏ ပထမဆုံး လေဟာပြင် ဗုဒ္ဓဘာသာပြတိုက်ကို ပီကင်းမြို့တော် ဘုရားငါးဆူကျောင်းတိုက်အနီး၌ ပြသထားရှိသည်။

ပြခန်းအလယ်တွင် ၁၅ ရာစု မင်းဘုရင်များခေတ်လက်ရာ စိန်ပလ္လင်ဘုရား DIAMOND THRONE PAGODA ကို ထားရှိပြီး ဘေးပတ်ဝန်းကျင်၌ ပြခန်းခုနစ်ခုကို ခွဲပြထားသည်။ သက္ကတ နှင့် တိဘက်ဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓစာပေနှင့် ရုပ်ထုများကို ပြသထား၍ (အထက်ပုံ) အပြင်တွင် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော ကျောက်စာများ ကျောက်ထုရုပ်ကြွင်း ၆၀၀ ကို ပြသထားသည်။

www.burmeseclassic.com


www.burmeseclassic.com



ပီကင်းမြို့မှ အစဉ်ညှိသည်များနှင့် စည်ကားနေသော နိဗ္ဗာန်ဘုရားကျောင်းတော် ရှေးဘုရင်အဆက်ဆက် ဘုရားဝတ်ပြုရာနေရာ ၁၄၂၀ လက်ရာ

www.burmeseclassic.com

www.burmeseclassic.com




သက္ကရာဇ် ၁၃၂၁ ခုနှစ်က ထုလုပ်ထားသောပီကင်းမြို့တော် ရူးဖူး WOFU ကျောင်းတော်မှ
လျောင်းတော်မူ ကြေးဆင်းတုတော်

www.burmeseclassic.com



ပီကင်းမြို့တော်မှ ရှေးကျသော စေတီတစ်ဆူ (၅၈၉ - ၆၁၈ အေဒီ)

www.burmeseclassic.com

www.burmeseclassic.com

ပီကင်းမြို့တော် ဘုရားငါးဆူ ဘုရားဝတ်ကျောင်းတော် ၁၄၀၃ ခုနှစ်က အိန္ဒိယနိုင်ငံမှ ကြွလာသော ရဟန်းတော်က အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာမှ ပုံစံဖြင့် တည်ထောက်ပေးခဲ့သည်။



www.burmeseclassic.com


www.burmeseclassic.com



BEAUTIFULLY SCULPTURED GATEWAY OF THE YELLOW TEMPLE

ပီကင်းမြို့မှ အဝါရောင် ဘုရားကျောင်းတိုက် အဆောက်အဦး
တစ်ခုလုံးကို အဝါရောင်စဥ့် သုတ်ထားသော အုတ်ချပ်များဖြင့် တည်ဆောက်ထားသည်။ ၁၆၅၁

SILK ROAD JOURNEY




TRAVELLING THE MARCO POLO SILK ROAD

တစ်ချိန်က ထင်ရှားသည့် ဥရောပနိုင်ငံသား ခရီးသည်
မာကိုပိုလို၏ ခရီးစဉ်အတိုင်း တရုတ်နိုင်ငံသို့
အလည်အပတ် ဘုရားဖူးသွားနိုင်ကြပါပြီ



www.burmeseclassic.com

www.burmeseclassic.com



ပီကင်းမြို့မှ စေတီအဖြူ ၁၃၄၈ ခုနှစ်က နီပေါနိုင်ငံသား ပညာရှင်က တည်ဆောက်ပေးခဲ့သည်။

www.burmeseclassic.com





ပီကင်းမြို့ ယွန်ဟိုကွန်း လာမားဘုန်းတော်ကြီးကျောင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com





ပီကင်းမြို့ YUNG HO KUNG ကျောင်းဟိုက်အတွင်းရှိ ယင်ရှားကျော်ကြားသော
သာသနာစောင့်နတ်မင်းများ ရုပ်တု လေးခု မှ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ယွန်ဟိုကွန်း လားမားကျောင်းတော် အတွင်းရှိ ဆုန် ကပ ရဟန်းတော်၏ ရုပ်ထု

www.burmeseclassic.com



သီလရှင်များ ဘုရားဝတ်ပြုနေကြပုံ [ ပီကင်းမြို့ တန်ချိကျောင်းတိုက် ]



www.burmeseclassic.com

www.burmeseclassic.com

## ရှန်ဟိုင်းမြို့တော်

လူဦးရေ အများဆုံးမြို့ဖြစ်၏။ [illegible] မြို့ကြီးဖြစ်သည်။






ရှန်ဟိုင်းမြို့တော်မှ ထင်ရှားသော ဘုရားကျောင်းများတွင် YUFU ယုဖူး ကျောင်းတော်မှာ အထူး ထင်ရှားသည်။

ဤကျောင်းတော်တွင် မြန်မာနိုင်ငံမှ ကျောက်ဆင်းတု တစ်ဆူကို ဖူးတွေ့နိုင်ပါသည်။ ဤကျောင်းတော်မှာ ရှန်ဟိုင်း ဗုဒ္ဓဘာသာ အသင်းတော်၏ တည်နေရာလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ ၁၉၈၉ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ရှန်ဟဲ မြို့တွင်းရှိ ကျောက်စိမ်းဘုရားကျောင်းကို သွားရောက်ကြည့်ရှုကြစဉ်

အဆိုပါ ကျောက်စိမ်းဘုရားသည် လွန်ခဲ့သော နှစ် ၁၀၀ ကျော်က ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ တရုတ်ပြည်သို့ ပင့်ဆောင်လာခဲ့ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



